ရွှေလမင်း

# ကိုင်ရို လက္ခဏာဗေဒ

ရွှေဝင်တသိန်းတန်
ပြက္ခဒိန်ရက်ယာဟောကိန်း



သမုဒ္ဒြိက ကျမ်းလာ
လ ဏာ ဟောကိန်း

# ကိုင်ရို ဂဏန်းဗေဒင်


စာအုပ်လင့်ပေါင်းစုံ
09 789 422 340

စာမူခွင့်ပြုချက်အမှတ် (၄၀) ၉၀/၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၆) ၉၀/၈
ဒုတိယအကြိမ်၊ ၁၉၉၀ ခု အောက်တိုဘာလ
အုပ်ရေ — ၃၀၀၀
မျက်နှာဖုံးရိုက် — ဦးထွန်းလှ၊ အောင်နေဝင်း ပုံနှိပ်တိုက်၊ (၀၂၅၉၅)၊ အမှတ် ၁၄၂၊ ၃၄ လမ်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ — ဦးအောင်ကြီး၊ ရွှေပုရပိုက်စာပေ၊ အမှတ် ၅၊ တင့်ဆန်းလမ်း၊ ဆရာစံ မြောက်ရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ — ဒေါ်ခင်ခင် (၀၄၃၃၀)၊ မြသိန်းကျော်ပုံနှိပ်တိုက်၊ အမှတ် ၁၅၂-ဘီ၊ မြန်မာ့ဘက်ရည်လမ်း။ ကန်တော်ကလေး၊ ရန်ကုန်မြို့။
တန်ဖိုး—

မြစ်လိုက်ကျော် မြို့ရိုးရေး
ဒေါ်အေးတင်နှင့်သားများ
ကြာအေးစာပေ
၆၅၊ ၃၃လမ်း၊ ရန်ကုန်မြို့

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဗြိုဟ်ခုံများ | ၁ |
| ၂။ | လက္ခဏာလမ်းကြောင်းများ | ၂ |
| ၃။ | အမှတ်လက္ခဏာများ | ၃ |
| ၄။ | ဗြိုဟ်ခုံဟော | ၄ |
| ၅။ | လက္ခဏာလမ်းကြောင်းဟောပုံ | ၇ |
| ၆။ | ဆောင်လမွှန်လက်စွပ် | ၁၅ |
| ၇။ | ဂမ္ဘီရကြက်ခြေ | ၁၅ |
| ၈။ | ထွင်းဖောက်သိမြင်လမ်း | ၁၅ |
| ၉။ | စာဥ | ၁၅ |
| ၁၀။ | ကြိုက် | ၁၅ |
| ၁၁။ | ကြာဖူး | ၁၆ |
| ၁၂။ | စတုရန်း | ၁၆ |
| ၁၃။ | သံလျက် | ၁၆ |
| ၁၄။ | ကြယ် | ၁၆ |
| ၁၅။ | ငါးကြင်းမြီး | ၁၇ |
| ၁၆။ | ပတ္တမြား | ၁၇ |
| ၁၇။ | ဆုံယဉ် | ၁၇ |
| ၁၈။ | ရေမြောင်း | ၁၇ |
| ၁၉။ | အစက် | ၁၇ |
| ၂၀။ | ညောင်ရွက် | ၁၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | မတ်တတ်စင်း | ၁၇ |
| ၂၂။ | ဇာကွက် | ၁၇ |
| ၂၃။ | လေးထောင့်ကွက် | ၁၈ |
| ၂၄။ | နက်(ဝ်)ကျွန်းကြိုးပြာကွန်းကြိုးပြာကွက် | ၁၈ |
| ၂၅။ | အောင်မြင်ရေးလမ်း | ၁၈ |
| ၂၆။ | ကံကြောင်းထိုးရိုး | ၁၉ |
| ၂၇။ | မေတ္တာလမ်း | ၁၉ |
| ၂၈။ | လက်ချောင်းဟော | ၂၀ |
| ၂၉။ | သားမြေး ကအကျွတာဟော | ၂၃ |
| ၃၀။ | ကိုင်ရိုဂဏန်းဗေဒင်ဟောကိန်း | ၃၂ |
| ၃၁။ | ဗေဒင်အချုပ် မဟာဘုတ် | ၅၂ |


—★—

## ရွှေဝင် တစ်သိန်းတန် ပြက္ခဒိန်ရက်မဟာကိန်း

လွန်ခဲ့သောရက်က ပြောဆိုထားသော လုပ်ငန်းများ။ ယနေ့ ပြောဆိုချိန်းဆို ထားသော ကိစ္စများ။ ရှေ့လာမည့်ရက်တွင် ချိန်းဆိုထားသော လုပ်ငန်းများအတွက် ရက်ကောင်းလား၊ သို့မဟုတ် ရက်ဆိုးလား သိရန် ဆရာ ရေးသော ပြက္ခဒိန်ရက်ကို ကြည့်ပြီး လုပ်ရန် ဖြစ်သည်။

<u>အင်္ဂလိပ်လ ၁-ရက်</u> ကောင်းသည်။ လုပ်နိုင်သည်။

- ၂-ရက် သဘောအယူအဆ ကွဲလွဲ နေတတ်သည်။
- ၃-ရက် ကြိုးစားလျှင် အောင်မြင်မည်။
- ၄-ရက် အပြိုင်ရန်ဘက်မြင်သည်။ မကောင်း။
- ၅-ရက် အရောင်း အဝယ် တစ်ခုပြီး တစ်ခု ရောင်းဝယ်ရတတ်သည်။
- ၆-ရက် အကြံအစည်ပြည့်ပြည့်ပါ။ ကောင်းသော ရက်ဖြစ်သည်။
- ၇-ရက် နိုင်ငံခြားမှ လာသော ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း ပြုသော် ကောင်းသည်။ အမြတ်အစွန်းရမည်။
- ၈-ရက် မကောင်းပါ။ မလုပ်နှင့်။ မကြံနှင့်။
- ၉-ရက် ရန်ရှိသည်။ မလုပ်နှင့်။

ဆက်လိပ်လ ၁၀-ရက် ကောင်းသည်။ ကြံစည်နိုင်သည်။ မျှော်လင့်ချက် ရှိသည်။

။ ၁၁-ရက် အမှုအခင်း ဖြစ်တတ်သည်။ က မှု ဖြစ်စေသည် မလွယ်သော ရက် ဖြစ်သည်။ ရှောင်ပါ။

။ ၁၂-ရက် စိတ်ဆင်းရဲမည်။ ဆုံးရှုံးမည်။

။ ၁၃-ရက် ကမ္ဘာပေါ်ရှိ လူမျိုး ဝိုင်း ပယ် ထားသော ဂဏန်း ဖြစ်သည်။ ပျက်စီးမည်။ ဆုံးရှုံးမည်။ ရှောင်ပါ။

။ ၁၄-ရက် ရွှင်ဘေးရမည်။ အေးအန္တရာယ် အနိုင်အယောင်ရှိသည်။

။ ၁၅-ရက် ထိုရက်သည် သန့်ရှင်းသောရက်မဟုတ်။

။ ၁၆-ရက် ထူး ဆန်း သော ဘေး ရန် နှင့် တွေ့ ရတတ်သည်။

။ ၁၇-ရက် စိတ်မချရ။

။ ၁၈-ရက် ဆုံးရှုံးမည်။ ပျက်စီးမည်။

။ ၁၉-ရက် အကြံအစည် ပြုနိုင်သည်။ ဆောင်ရွက်သင့်သည်။ အနာဂတ်တွင် အကြံအစည်များ အောင်မြင်ရန် မျှော်မှန်းချက် ရှိသော ဂဏန်းဖြစ်သည်။

| | | |
|---|---|---|
| အင်္ဂလိပ်လ | ၂၀-ရက် | အဖျက်တွေ့တတ်သည်။ |
| ။ | ၂၁-ရက် | အနာဂတ်အတွက် ကောင်းသော ရက် ဖြစ်သည်။ |
| ။ | ၂၂-ရက် | ရန်ရှိသည်။ အဖျက် အဆီး တွေ့တတ်သည်။ |
| ။ | ၂၃-ရက် | အနာဂတ်ကာလတွင် အောင်မြင်ရန် ရှိသောရက် ဖြစ်သည်။ |
| ။ | ၂၄-ရက် | လာဘ် ကောင်း သောရက် ဖြစ်သည်။ အကြီးအကဲများ ကူညီသော ဂဏန်း ဖြစ်သည်။ အနာဂတ်စီးပွားရေးအတွက် ကောင်းသည်။ |
| ။ | ၂၅-ရက် | အပြစ်ကင်းသော ရက် မဟုတ်။ ရှောင်နိုင်လျှင် ရှောင်ပါ။ |
| ။ | ၂၆-ရက် | မမျှော်လင့်ဘဲ ဆုံးရှုံးပျက်စီးတတ်သည်။ လူပေါင်းမှားတတ်သည်။ အကြံအစည် မပြုနှင့်။ |
| ။ | ၂၇-ရက် | ကောင်းကျိုးပြုသော ဂဏန်းဖြစ်သည်။ ရက် ဖြစ်သည်။ အာမခံချက် အပြည့်အဝရှိသောရက်ဖြစ်သည်။ အကြံအစည် ထိုရက်တွင် လုပ်သော် မျိုးစေ့သဖွယ် အသီးအပွင့် ဝေဆာမည်။ |
| ။ | ၂၈-ရက် | မကောင်း။ ဆုံးရှုံးမည်။ အဖျက်အဆီး တွေ့မည်။ |

အင်္ဂလိပ်လ ၂၉-ရက် အလိမ် အညာ ခံရမည်။ ပူဆွေးမည်။ ဆုံးရှုံးမည်။

" ၃၀-ရက် စွန့် လုပ် ရမည်။ ကောင်း ချင် လည်း ကောင်းမည်။ ဆိုးချင်လည်း ဆိုးမည်။

" ၃၁-ရက် အ ကျိုး ပေး သော ဂ ဏန်း မ ဟုတ်။ ရှောင်ပါ။

| | | |
|---|---|---|
| **SUN** | တနင်္ဂနွေဂြိုဟ် | ၁—၄ |
| **MOON** | တနင်္လာဂြိုဟ် | ၂—၇ |
| **JUPITER** | ကြာသပတေးဂြိုဟ် | ၃ |
| **URANUS** | ယူရေးနတ်(စ်) | ၄ |
| **MERCURY** | ဗုဒ္ဓဟူးဂြိုဟ် | ၅ |
| **VENUS** | သောကြာဂြိုဟ် | ၆ |
| **NEPTUNE** | နက်(ပ်)ကျွန်း | ၇ |
| **SATURN** | စနေဂြိုဟ် | ၈ |
| **MARS** | အင်္ဂါဂြိုဟ် | ၉ |

# ဂြိုဟ်ခုံများ





သူ၊ ညာ။ ဘက်။ တွင်။ အာ။ ရင်။ ဆုံး။ ကြာ သို၊

၆ • ၃ • ၅ • ဝ • ၁ • ၄ • ၃ • ၂



လက္ခဏာ လမ်းကြောင်းများ

# အမှတ်လက္ခဏာများ




ကိုင်ရှိ လက္ခဏာဟောကျမ်း အသို

# ကိုင်ရို လက္ခဏာအဟော

## သောကြာဂြိုဟ်ခုံ

သောကြာဂြိုဟ်ခုံ မြင့်မောက်နေသော်၊ ကျယ်ဝန်းနေသော် အလှအပကြိုက်မည်။ ကာမရာဂစိတ်လှုပ်ရှားနေမည်။

ကြယ်ပွင့် တစ်ခု ရှိသော် ချစ်ရေးကြိုက်ရေးတွင် အောင်မြင်မည်။ မျက်နှာပွင့်မည်။ လူချစ်လူခင်ပေါများမည်။

ကြက်ခြေ ရှိသော် ဆုံးရှုံးမည်။ အရာရာ အရှုံးပေးရ တတ်သည်။

လေးထောင့်ကွက်၊ သုံးထောင့်ကွက် တစ်ခုခုပါသော် အချစ်ရေးနှင့်ပတ်သက်၍ အကာအကွယ်ပေးမည်။

## အင်္ဂါဂြိုဟ်ခုံ (အဖို)

အင်္ဂါဂြိုဟ်ခုံအဖို မြင့်မောက်နေသော်၊ ကျယ်ဝန်းနေသော် ဒေါသကြီးမည်၊ ရန်လုပ်နေမည်၊ ဆူဆူပူပူ လုပ်မည်၊ ကြယ်ပွင့် ရှိသော် တိုက်ခိုက်ရေးတွင် အောင်မြင်မည်။

ကြက်ခြေရှိသော် ဆုံးရှုံးမည်၊ ကျဆုံးမည်၊ လေးထောင့်ကွက် သုံးထောင့်ကွက် တစ်ခုခုပါသော် ဘေးရန် ကာကွယ်ပေးမည်။

## ကြာသပတေးဂြိုဟ်ခုံ

မြင့်မောက်နေသော် ဩဇာ အာဏာ ရှိမည်။ ဘာသာရေး လေးစားမည်။

ကြယ်ပွင့်ရှိသော် ကျော်စောမည်။ ဓက်ရင်၊ သုံးခွရှိသော် ထူးချွန်အောင်မြင်မည်။

လေးထောင့်ကွက်ရှိသော် ဘေးရန် အမျိုးမျိုးကို ကာကွယ်ပေးမည်။ ဘေးရန်ကို ကြိုတင်မြင်မည်။ ရန်သူတို့ လုပ်ကြံခြင်းကို မည်သည့်အခါမျှ ခံရမည်မဟုတ်။ ကြံစည်သော ရန်သူတို့ ပျက်စီးမည်။ လေးထောင့်ကွက်သည် လုံခြုံခြင်းကို ညွှန်ပြသည်။ ဇောင်းရစေအောင်မြင်မည်။ ကျောင်းကန်တို့ကို ကြီးကြီး ကျယ်ကျယ် ဆောက်လုပ်လှူဒါန်းရမည်။

## စနေဂြိုဟ်ခုံ

မြင့်မောက်နေသော် မိမိ ကိုယ်ကျိုးသာ ကြည့်တတ်သည်။ လျှို့ဝှက်စွာ ကြံစည်နေတတ်သည်။ အခြားသူများကို ဂရုမစိုက်တတ်။

ကြယ်ပွင့်ရှိသော် မကောင်းသတင်း ဆိုးသတင်းကျော်တတ်သည်။ လေးထောင့်ကွက်ရှိသော် ဘေးရန်မှ ကာကွယ်မည်။ မတော်တဆဝင်းပါသော် မကောင်းသော အပေါင်းအသင်းများနှင့် တွေ့တတ်သည်။ လှူလိမ်လှုကောက်ခံရတတ်သည်။

## တနင်္ဂနွေဂြိုဟ်ခုံ

မြင့်မောက်နေသော် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေမည်။ လုပ်ငန်းကို လျှို့ဝှက် လုပ်ကိုင် နေမည်။ ဝကြွားတတ်မည်၊ မာနကြီးမည်။ သုံးထောင့်ကွက်ရှိသော် ဘေးရန်ကို ကာကွယ်မည်။ ကျက်ခြေရှိသော် ဆုံးရှုံးမည်။ ဓက်ဝိုင်းရှိသော် ထူးအောင်မြင်မည်။

**ဗုဒ္ဓဟူးဂြိုဟ်ခုံ**

မြင့်မောက်နေသော် လျင်မြန်ဖျတ်လတ်မည်၊ ဉာဏ်ကောင်းမည်။

ကြယ်ပွင့်ရှိသော် ကျော်စောမည်။

သုံးထောင့်ကွက်ရှိသော် ထူးချွန်မည်။

လေးထောင့်ကွက် ရှိသော် ဘေးရန် အမျိုးမျိုးမှ ကာကွယ်မည်။

ကြက်ခြေရှိသော် အရှက်ကွဲမည်၊ ဂုဏ်ပျက်မည်၊ ဆုံးရှုံးမည်။

**အင်္ဂါဂြိုဟ်ခုံ (အမ)**

မြင့်မောက်နေသော်၊ ကျယ်ဝန်းနေသော် ရန်စတတ်သည်။ တဇောက်ကန်းလုပ်တတ်သည်။

ကြယ်ရှိသော်မကောင်းသတင်းကျော်စောမည်။ လေးထောင့်ကွက် ရှိသော် ဘေးရန်အပေါင်းမှ ကာကွယ်မည်။

သုံးထောင့်ကွက်ရှိသော် ထူးချွန်မည်။

**တနင်္လာဂြိုဟ်ခုံ**

တနင်္လာဂြိုဟ်ခုံ မြင့်မောက် နေသော်၊ ကျယ်ဝန်းနေသော် ကောင်းသော အင်္ဂါဖြစ်သည်။


အလုပ်ကို ဇွဲနှင့် လုပ်ကိုင်တတ်သည်။

သုံးထောင့်ကွက်ရှိသော် ထူးချွန်မည်။

လေးထောင့်ကွက်ရှိသော် ဘေးရန်ကို ကာကွယ်မည်။

အသက်ဘေးမှ ချမ်းသာမည်။

ကြက်ခြေရှိသော် ဆုံးရှုံးမည်။


၁


၂


၃



၄


၅


၆


၇


၈


၉


၁၀


၁၁


၁၂


၁၃


၁၄


၁၅


၁၆


၁၇


၁၈



၁၉



၂၀



၂၁



၂၂



၂၃



၂၄



၂၅



၂၆



၂၇



၂၈



၂၉



၃၀



၃၁



၃၂



၃၃



၃၄




၃၅



၃၆


၃၇


၃၈


၃၉


၄၀


၄၁


၄၂


၄၃


၄၄


၄၅



၄၆ ၄၇

၁။ အသက်လမ်းကြောင်းမှသွားသော လမ်းကြောင်းတစ်ခု သည် ကြာသပတေးဂြိုဟ်ခုံ လက်ညှိုးဆီသို့ ထောင်တက် သွားသော် အသက်ကြီးပိုင်းတွင် ရည်မှန်းချက်အားလုံး အောင်မြင်မည်။

၂။ အသက်လမ်းကြောင်းတွင် ကျွန်းရှိသော် ထိုအသက်ပိုင်း တွင် ရောဂါဝေဒနာ ခံစားရမည်။ ဉာဏ်လမ်းကြောင်း သည် ပထမအင်္ဂါဂြိုဟ်မှ ထွက်သော် အမျက်ဒေါသ ကြီးမည်။ စိတ်ဆိုးလွယ်မည်။

၃။ ဉာဏ်လမ်းသည် အသက်လမ်းနှင့် အနည်းငယ်ကွာပြီး ထွက်လာသော် အရာရာ ချိန်ဆနိုင်မည်။

၄။ ဉာဏ်လမ်းသည် အသက်လမ်းနှင့် ကွာဟနေသော် အရှက်အကြောက် ကင်းမဲ့မည်။ ပြောလွယ် ဆိုလွယ် ရှိမည်။

၅။ ဉာဏ်လမ်းသည် လက်ဝါးပြင်တွင် ဖြောင့်ဖြောင့် လက်ဝါးစောင်းအထိ နေသော အရာရာ စဉ်းစားတတ်သည်။ အမှားမဖြစ်နိုင်။

၆။ ဉာဏ်လမ်းကြောင်းနှင့် အသက်လမ်းကြောင်း ကွာဟလွန်းနေသော် ထမောက်ကန်း လုပ်မည်။

၇။ ဉာဏ်လမ်း အောက်သို့ ကွေးနေသော အတွေးပိုတတ်သည်။ ပုံကြီးချဲ့ပြီး ကြောက်တတ်သည်။

၈။ ဉာဏ်လမ်းအပေါ်သို့ ထောင်တက်နေသော အရာရာတွင် လောဘကြီး တတ်သည်။ လူသတ် ပစ္စည်း ယူတတ်သည်။

၉။ ဉာဏ်လမ်း အမျှင်ကလေးများ ဖြာနေသော ရည်ရွယ်ချက်များ စိတ်ကူး စိတ်သန်းများသာ ဖြစ်သည်။

၁၀။ ဉာဏ်လမ်း နှစ်ထပ် ဖြစ်နေသော် မဖြစ် ဖြစ်အောင်လုပ်တတ်သည်။ စိတ်ဓာတ် ပြင်းထန်မည်။

၁၁။ နှလုံးလမ်းသည် အသက်လမ်း၊ ဉာဏ်လမ်း၊ ပထမအင်္ဂါဂြိုဟ်မှ ပူးထွက်လာသော ချစ်မေတ္တာဓါတ် နှလုံးလမ်းသည် ကြာသပတေးဂြိုဟ်ခုံမှ ထွက်လာသော မေတ္တာစစ် မေတ္တာမှန်ကို လိုလားသော လက္ခဏာဖြစ်သည်။

၁၂။ ချစ်မေတ္တာဓါတ်နှလုံးလမ်းသည် လက်ခလယ်အောက်မှ ထွက်လာသော အချစ်ရေးကို တန်ဖိုးထားသူများ မဟုတ်။ ဖာသိဖာသာ နေတတ်သူများ ဖြစ်သည်။

၁၃။ ချစ်မေတ္တာခေါ် နှလုံးလမ်းသည် ခက်ရင်းခွသဏ္ဌာန်နှင့် ထွက်လာသော် ပညာရေး၊ စီးပွားရေး၊ အချစ်ရေး ကောင်းမည်။

၁၄။ ချစ်မေတ္တာခေါ် နှလုံးလမ်းသည် ခက်ရင်းခွသဏ္ဌာန်နှင့် ကြာသပတေးဂြိုဟ်ခုံတွင် တစ်ခု၊ စနေဂြိုဟ်ခုံ လက်ခလယ်တွင် တစ်ခု ဖြစ်နေသော် အကောင်းအဆိုး တွဲနေသော လူများ ဖြစ်သည်။

၁၅။ ချစ်မေတ္တာခေါ် နှလုံးလမ်း ဖြောင့်တန်းနေသော် ရိုးရိုးမှန်မှန် ချစ်တတ်သောသူ ဖြစ်သည်။

၁၆။ အိမ်ထောင်ရေးလမ်းကြောင်း အောက်သို့ ကွေးသွားသော် သာယာသော အိမ်ထောင်ရေး မဖြစ်။

၁၇။ အိမ်ထောင်ရေးလမ်း အောက်သို့ ကွေးညွတ်သွားရာ နှလုံးလမ်းနှင့် ထိနေသော် သေကွဲရှင်ကွဲ ဖြစ်တတ်သည်။

၁၈။ အိမ်ထောင်ရေးလမ်း ခက်ရင်းခွသဏ္ဌာန်နှင့် စသော် ချစ်သူနှင့်ကွဲမည်။ အခက်အခဲ အမျိုးမျိုးနှင့်တွေ့ရမည်။

၁၉။ အိမ်ထောင်ရေးလမ်းခက်ရင်းခွနှင့်ဆုံးသော် အိမ်ထောင်ကွဲမည်။ အိမ်ထောင်ရေးလမ်း အောက်သို့ ကွေးညွတ်ရာတွင် ကြက်ခြေရှိသော် အိမ်ထောင်ဖက် အသေဆိုးနှင့် သေရမည်။

၂၀။ အိမ်ထောင်ရေးလမ်း ပြတ်နေသော် အိမ်ထောင်ကွဲမည်။ အိမ်ထောင်ရေးလမ်း တနင်္ဂနွေဂြိုဟ်ခုံသို့ရောက်နေသော် အဆင့်အတန်းမြင့်သော အိမ်ထောင်ဖက်ကိုရမည်။

၂၁။ အိမ်ထောင်ရေးလမ်းသည် အောင်မြင်ရေးလမ်းကို ဖြတ်သွားသော် အိမ်ထောင်ပြုလျှင် ကျဆင်းမည်။ ဆုံးရှုံးမည်။

၂၂။ ဆောင်လမှန် လက်စွပ်။ လက်ညှိုးအောက်ခြေဘွတ် လက်စွပ်သဏ္ဍာန်ရှိသော အရေးအကြောင်းကို ခေါ်သည်။ ထိုအမှတ်အသားရှိသော် စေလိုရာ စေရမည်။

၂၃။ ဂမ္ဘီရကြက်ခြေ။ မေတ္တာလမ်းနှင့် ဉာဏ်လမ်းကြားတွင် ကြက်ခြေသဏ္ဍာန် ရှိသော် ဂမ္ဘီရကြက်ခြေ။ ထိုအမှတ်အသားပါသော် နက်နဲ ဆန်းကြယ်သော ပညာတို့ကို တတ်မြောက်မည်။

၂၄။ ထွင်းဖောက် သိမြင်လမ်း။ လက်သန်း အောက်ခြေမှ ထနာလ်ဘဂြိုဟ်ခုံသို့ လေးကိုင်းသဏ္ဍာန်ရှိသော ဖထိမ်း အမှတ်ကို ထွင်းဖောက် သိမြင်လမ်း ခေါ်သည်။ ထို အမှတ်အသားပါသော် အနာဂတ်ကို ကြိုတင် သိမြင်နိုင်သော အမှတ်အသား ဖြစ်သည်။

၂၅။ စာဥ။လက်ဖနောင့်တွင် စာဥအသွင်မှို့ မှို့ ဖောင်းဖောင်း ပါသော် အကြားအမြင်ရမည်။ တရား တိုးထွင်းသိမည်။ မိမိလုပ်ငန်း အောင်မည်။ နိုင်ငံကျော် လူထူး လူဆန်း ဖြစ်မည်။

၂၆။ ကြိုဂံ။ လမ်းကြောင်းပေါ်တွင် မဟုတ်ဘဲ သီးခြား ပေါ်ထွက်လာသော် ဘွဲ့ထူး ဂုဏ်ထူးရမည်။

၂၇။ တြိဂံသည် ကံလမ်းပေါ်တွင်ရှိသော် ငွေးစိမ်ချမ်းသာခွင့် ပြည့်စုံမည်။ တြိဂံသည် မေတ္တာ လမ်းကြောင်းတို့တွင် ရှိသော် ချီးကျူးဖွယ်ရာ ဂုဏ်နှင့်ပြည့်စုံမည်။

၂၈။ ကြာဖူး၊ အသက် လမ်းကြောင်းတွင် ရှိသော် ကိုယ်စား လှယ် တစ်ဦးဖြစ်မည်။

၂၉။ ကြာဖူး ဉာဏ်လမ်းပေါ်မှာ ရှိသော် ထူးချွန်သောပညာ ရှင် ဖြစ်မည်။

၃၀။ ကြာဖူး မေတ္တာ လမ်းပေါ်တွင်ရှိသော် အခြေအနေ ကောင်းသော အိမ်ထောင်မျိုးရမည်။

၃၁။ ကြာဖူး မည်သည့်လမ်းကြောင်းပေါ်တွင်မှ မဟုတ်ဘဲ သီးခြားရှိသော် ထူးခြားဆန်းပြားသော အကျိုး ပေး မည်။

၃၂။ စတုရန်း။ အသက်လမ်းပေါ်တွင်ရှိသော် ရှေ့နေ ဝတ်လုံ ဖြစ်မည်။

၃၃။ မေတ္တာလမ်းတွင်ရှိသော် ရင်းနှီးခဲ့သော ဘဝဟောင်းက နတ်ဝိဉာဉ်စောင့်ရှောက်မည်။

၃၄။ စတုရန်း အသက် လမ်း ကြောင်း ပေါ် တွင် ရှိသော် အသက်အန္တရာယ်ကို ကာကွယ်မည်။

၃၅။ သံလျက်။ မည်သည့် နေရာတွင် မဆို တွေ့သော် ဦးစီး ခေါင်းဆောင်ဖြစ်မည်။

ကြယ်။ လုပ်ငန်းတွင် ထင်ပေါ်ကျော်စောမည်။

၃၆။ ငါးကြင်းမြီး။ အသက်လမ်းကြောင်း အခြေတွင်ရှိသော် စိတ်ချမ်းသာစွာ နေရမည်။ ကုန်သည်ဖြစ်မည်။

၃၇။ ပတ္တမြား။ လက်မနှင့် လက်ညှိုးကြားတွင် ရှိသော် စစ်မှုထမ်း အကြီးအကဲ ဖြစ်မည်။

၃၈။ ပတ္တမြား သောကြာဂြိုဟ်ခုံ၊ တနင်္လာဂြိုဟ်ခုံတွင်ရှိသော် သံတမန် ဖြစ်မည်။

၃၉။ ပတ္တမြားလက်သန်းအောက်ခြေတွင်ရှိသော် နိုင်ငံခြားသို့ အကြိမ်ကြိမ် သွားရမည်။

၄၀။ လှံယဉ်။ မည်သည့် နေရာတွင်မဆို လှံယဉ် သဏ္ဍာန် တွေ့သော် ခွဲစိတ်ကုသရသော အနာဖြစ်တတ်သည်။

၄၁။ ရေမြောင်း။ မည်သည့် နေရာတွင် မဆို ရေမြောင်းကို တွေ့သော်၊ နှလုံးရောဂါ၊ အသုတ် ရောဂါ တစ်ခုခုဖြစ်တတ်သည်။

၄၂။ အစက်။ မည်သည့်နေရာတွင်မဆို အစက်ကိုတွေ့သော် အနာဖြစ်နိုင်သော သွေးကြောရှိကြောင်း ပြသည်။

၄၃။ ညောင်ရွက်။ အသက် လမ်းကြောင်း အောက်ခြေတွင် ရှိသည်။ အသက်ရှည်မည်။

၄၄။ မတ်တတ်စင်။ မည်သည့် ဂြိုဟ်ခုံတွင်မဆို တွေ့သော် ကောင်းသော အထိမ်းအမှတ်ဖြစ်သည်။

၄၅။ ဇကာကွက်။ မည်သည့်နေရာတွင်မဆို တွေ့သော် ကံဆိုးမှုများနှင့် တွေ့ရမည်။

၄၆။ လေးထောင့်ကွက်ကြီးကြယ်ရှိသော် လုပ်ကြံသတ်ဖြတ်ခြင်း ခံရသော်လည်း လွတ်ကင်းမည်။

၄၇။ နက်(ပ်)ကျွန်းဂြိုဟ်၊ ကုန်းဂြိုဟ်ကွက်၊ တနင်္လာဂြိုဟ်ခုံနှင့် အသက်လမ်းကြောင်း အဆုံးကြားတွင် မို့မို့ ဖောင်းဖောင်း အဖုကလေးရှိတတ်သည်။ ထို အမှတ်အသားကို နက်(ပ်)ကျွန်း ဂြိုဟ်ကုန်း ခေါ်သည်။ ထို ဂြိုဟ် ကုန်း မြင့်မောက်သော သူများသည် အကြား အမြင် ရမည်။ ဝိဇ္ဇာပယောဂပညာ တို့ကို အောင်မြင်မည်။

အောင် မြင် ရေး လမ်း ကြောင်း သည် ကြယ် ပွင့် သင်္ကေတ အမှတ်လက္ခဏာနှင့် လက်သူကြွယ် အောက်ခြေ ရင်းတွင် အဆုံးသတ်သော် သိန်းသန်းချီ၍ ကြွယ်ဝမည်။ အသက် အရွယ်ကြီးလေ အကျိုးပေးမည်။ အောင်မြင် ရေး လမ်းကြောင်းသည် ကြက်ခြေသင်္ကေတနှင့် အဆုံး သတ်သော် လုပ်ငန်းဟူသမျှ ပျက်စီးဆုံးရှုံးမည်။

အောင်မြင်ရေးလမ်းကြောင်းသည်ခက်ရင်းခွသင်္ကေတ နှင့် အဆုံးသတ်သော် ငွေဝပ် ကောင်းမည်။ အောင်မြင် ရေးလမ်းကြောင်းသည် လမ်းခွဲ သုံးခုရှိပြီး တစ်ခုသည် လက်ခလယ်အောက် စနေခုံသို့ လည်းကောင်း၊ တစ်ခု သည် လက်သူကြွယ်အောက် တနင်္ဂနွေခုံသို့ လည်း ကောင်း၊ တစ်ခုသည် လက်သန်း ဗုဒ္ဓဟူးခုံသို့ လည်း ကောင်း၊ အဆုံးသတ်သော် လက္ခဏာရှင်သည် အဘက် ဘက်မှ ကျော်စောမည်။ ချမ်းသာမည်။

ကံကြောင်းထီးရိုးသည် တနင်္လာဂြိုဟ်ခုံမှ စသော်၊ လူချစ်လူခင်ပေါများမည်၊ ကိုယ်ထူးကိုယ်ချွန်လုပ်ကိုင်ရမည်။ ကံကြောင်းထီးရိုးသည် အသက်လမ်းကြောင်းမှ ထွက်လာသော် လွတ်လပ်မှုရှိ။ အိမ်ထောင်ရေး ကံမကောင်း သူများ ဖြစ်သည်။ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် နေရတတ်သည်။ အသက်ကြီးမှ လွတ်လပ်မည်။

ကံကြောင်းထီးရိုးသည် မေတ္တာ လမ်းကြောင်းတွင် အဆုံးသတ်သွားသော် အချစ်ရေး၊ အိမ်ထောင်ရေး၊ သားရေး သမီးရေးတို့ကြောင့် လက်ရှိလုပ်ငန်း ပျက်စီးဆုံးရှုံးမည်။

ကံကြောင်းထီးရိုးသည် ဉာဏ်လမ်းကြောင်းပေါ်မှ ဇပါက ဒုတိယအရွယ်တွင် အကျိုးပေးမည်။ မေတ္တာလမ်း စနေဂြိုဟ်ခုံမှ ထွက်လာသော် အချစ်ရေးတွင် လွန်ကဲတတ်သည်။ အချစ်ကြီးတတ်သည်။ မေတ္တာလမ်းကြောင်း၊ ဉာဏ်လမ်းကြောင်း၊ အသက်လမ်းကြောင်း အတူ ပူးပြီး ထွက်လာသော် အချစ်ရေးတွင် အမှားမှား ပြုလုပ်တတ်သည်။ လွန်ပြီးမှ နောင်တရတတ်သည်။

မေတ္တာ လမ်းကြောင်းသည် ခက်ရင်းခွသဏ္ဌာန်နှင့် လက်ညှိုးတွင် တစ်စွယ်၊ လက်ခလယ်တွင်တစ်စွယ်ရှိသော် လွှကျွာပိုင်ရှင်သည် ခုတစ်မျိုး၊ နောင်တစ်မျိုး ဖြစ်နေတတ်သည်။ နှလုံးလမ်းပေါ် မေတ္တာလမ်းသည် ခက်ရင်းခွသဏ္ဌာန်နှင့် လက်ညှိုးအောက်တွင်တစ်စွယ်၊ လက်ခလယ်နှင့် လက်ညှိုး ကြားတွင် တစ်စွယ် ဖြစ်သော် အိမ်ထောင်ရေး သာယာမည်။ လက်မကို ကြည့်သော အခါ ပထမ အဆစ်မှာပြီး ရှည်သော် ဉာဏ်ပညာ ကြီးသော ပုဂ္ဂိုလ်ဖြစ်သည်။

လက်မအဆစ် ပျော့သော် အားနာ တတ်မည်။ ပေးကမ်း ရှုပ်ကြဲမှုရှိသည်။

လက်မ ပုတိုနေသော် ဒေါသကြီးမည်။ စိတ်မြန် ကိုယ်မြန် ရှိမည်။ နောက်ဆုံး လူသတ်မိသည်အထိ ဖြစ်တတ်သည်။

လက်မသည် ပထမ အဆစ်ပိုင်းထက် ဒုတိယ အဆစ်ပိုင်း သေးသိမ်နေသော် ခါးသိမ်လက်မဖြစ်သည်။ ဆင်ခြင်တွေးတောဘမှု ရှိသည်။ မကောင်းမှု မလုပ်တတ်။ ကောင်းမှုကိုသာ ပြုလုပ်တတ်သည်။

လက်မသည်ကြီးမည်၊ တိုသော အရွယ်အစားရှိမည်။ နိမ့်ကျနေမည်။ ထိုလက်မရှင်သည် ကြိုးစားမှုမရှိ။ စားရလျှင် တော်ပြီဆိုပြီး နေတတ်သည်။ သစ္စာမေ့တတ်သည်။

လက်မသည် လက်ညိုး၏ အောက်ဆုံး အဆစ်ထက် ရှည်နေသော် ပညာအလွန်ကြီးမည်။ လက်မသည် လက်ညိုးနှင့် ကပ်နေသော် နှမြောတွန့်တိုမည်။ သတ္တိကြောင်မည်။ လက်ညိုး နိမ့်ကျသော် ပေါင်းသင်း ဆက်ဆံရေး အဆင် မပြေသောသူ ဖြစ်မည်။ လက်ညိုး လက်မဘက် ယိမ်းယိုင် နေသော် စိတ်လွတ်လပ်မှုကို လိုလားသူ ဖြစ်မည်။

လက်ညိုးသည် လက်ခလယ်သို့ ယိမ်းယိုင်နေသော် အလွန် ကျော်စောမည့်သူ ဖြစ်သည်။

လက်ခလယ်သည် လက်ညိုးဘက်သို့ ယိမ်းယိုင်နေသော် စိတ် မချမ်းသာမှုနှင့် တွေ့ရမည်။

လက်ခလယ်သည် လက်သူကြွယ်ဘက်သို့ ယိမ်းယိုင်နေသော် ဒုက္ခမရှိ၊ စိတ်ဓာတ်ကျခနမည်။

လက်သူကြွယ်သည် လက်ခလယ်ဘက်သို့ ယိမ်းယိုင်နေသော် ဒုက္ခလုံ့လရှိမည်၊ စိတ်ဓာတ်ပြင်းထန်မည်။

လက်သူကြွယ်သည် လက်သန်းဘက်သို့ ယိမ်းယိုင်နေသော် အရောင်းအဝယ်တွင် စိတ်ဝင်စားမည်။

လက်သန်းသည် လက်သူကြွယ်ဘက်သို့ ယိမ်းယိုင်နေသော် စီးပွားရေးတွင် စေ့စပ်သေချာသော ပုဂ္ဂိုလ်ဖြစ်မည်။

လက်ညှိုးသည် လက်ခလယ်ထက် ရှည်သော် ဇာနည်ကျင့် ထတ်သည်။

လက်ညှိုး လက်ခလယ်နှင့် ညီနေသော် ကျော်ကြားလိုသော စိတ်ရှိမည်။

လက်ညှိုး လက်ခလယ်ထက် အနည်းငယ်တိုနေသော် သိုသို သိပ်သိပ် ပြုလုပ်တတ်သည်။

လက်ညှိုး လက်ခလယ်နှင့် တူညီနေသော် ကျော်ကြားမည်။

ကိုင်ရိုလက္ခဏာဘာသော ပြီးပြီ။




သာမုဒြိက ကျမ်းအလို

# သာမုဒြိက ကျမ်းလာ
# လက္ခဏာ ဟောကိန်းများ

ငါးသဏ္ဌာန် လက်ဖဝါးတွင် တွေ့သော် ကြွယ်ဝ ချမ်းသာမည်။ ချိန်ခွင်သဏ္ဌာန် လက်ဖဝါးတွင်ပါသော် ကုန်ရောင်း ကုန်ဝယ်နှင့် ချမ်းသာမည်။

မိုးကြိုးစက် လက်ဖဝါးတွင်ပါသော် ဘဝတွင် ကြွယ်ဝ ချမ်းသာမည်။

ကြာပွင့် သဏ္ဌာန် လက်ဖဝါးတွင်ပါသော် ကြွယ်ဝချမ်းသာမည်။ လောက်လေးသဏ္ဌာန်၊ ဓားသဏ္ဌာန် လက်ဖဝါးတွင်တွေ့သော်၊ ပါသော် အရာရာအောင်မြင်မည်။ ချမ်းသာမည်။ ခရုသဏ္ဌာန်၊ အောင်လံ သဏ္ဌာန်၊ စက်ဘီး သဏ္ဌာန် တစ်ခုခု လက်ဖဝါးတွင်တွေ့သော် အထူးထူးသော ကျမ်းဂန်တို့ကို နားလည် တတ်မြောက်သည်။

လှံ့သုံးခွသဏ္ဌာန်ရှိသော် ကျော်စောမည်၊ ချမ်းသာမည်။

စစ်လက်နက်၊ မြားလက်နက်၊ တင်းပုတ်လက်နက် လက်ဖဝါးတွင် ပါသော် ဘုရင်ဖြစ်မည်။ မင်းဖြစ်မည်။ ဩဇာအာဏာ ရှိမည်။

တိုက်ဝိုင်း ထီးတစ်ခုခုလက်ဖဝါးတွင်ပါသော် မင်းဖြစ်မည်။ ကြွယ်ဝချမ်းသာမည်။ တောင်သဏ္ဍာန်၊ ဦးခေါင်းသဏ္ဍာန်၊ ရေအိုးသဏ္ဍာန် [illegible]ရုပ်ပါသော် ထင်ရှားဖြစ်မည်။

နေ လက္ခဏာ၊ လ လက္ခဏာ၊ နှယ်ပင်၊ မျက်စိ ရှစ်မြှောင့် သုံးမြှောင့်တစ်ခုခု လက်ဖဝါးတွင် ပါသော် ချမ်းသာမည်။

မြင်းသဏ္ဍာန်၊ ဆင်သဏ္ဍာန်၊ ဘုံဗိမာန်သဏ္ဍာန် တစ်ခုခု လက်ဖဝါးတွင်ပါသော် ချမ်းသာမည်။ ထီးရိုးသည် လက်သန်း အရင်းသို့တက်သွားသော် တမန် ဖြစ်မည်။ ထီးရိုးလက်ခလယ်သို့ တက်သွားသော် ချမ်းသာကြွယ်ဝမည်။

ထီးရိုး တတိယလက်ချောင်းသို့သွားသော် ကုန်သည် ရောင်း ဝယ်ခြင်းဖြင့် ချမ်းသာမည်။

အာယုလေခ ထင်ရှားသော် ကောင်းမြတ်သောသမီးများဖြင့် မွေးရမည်။

အာယုလေခ မထင်ရှားသော် မဟုတ်မမှန် မွေးဖွားသော သားသမီးဖြစ်မည်။

လက်ကောက်ဝတ်မှ တက်သော အကြောင်းသည် လက် ချောင်းရင်းသို့ သွားသော် နိုင်ငံခြားတွင် ပျော်ပျော်ရွှင်ရွှင် နေထိုင်ရသော လက္ခဏာဖြစ်သည်။

ကြာပွင့်သဏ္ဍာန်၊ တံခါးသဏ္ဍာန်၊ လက်ဖဝါးတွင်ပါသော် အထူးထူးသော ဥစ္စာပစ္စည်းတို့ကို ရအံ့။ မင်းဖြစ်အံ့။

ဖြောင့်တန်းသော အကြောင်းတစ်ခု အဘယ်လေလမှ ဝေနေ
ပြိုဟ်ခုံသို့ကောက်သော် ရှည်တရက် ကြွယ်ဝချမ်းသာမည်။

## ကြာသပတေးဂြိုဟ်ခုံဟော

ကြာသပတေးဂြိုဟ်ခုံ နေရာမြင့်မောက်နေသော် ပျော်ပျော်
နေတတ်မည်။ မာနကြီးမည်။ အခြားသူများကို ဩဇာအာဏာ
ပေးတတ်မည်။

ကြာသပတေးဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံတို့ညီစွာ မြင့်မောက်
နေသော် ကြွယ်ဝချမ်းသာမည်။ဗုဒ္ဓဟူးဂြိုဟ်ခုံ သာ၍မြင့်မောက်
နေသော် ကျွန်းဂန်တတ်၊ ကဗျာတတ်သူဖြစ်အံ့။ အင်္ဂါနေရာ
မြင့်မောက်နေသော် စစ်သည်တော် ဖြစ်အံ့။ ဂြိုဟ်ခုံအားလုံး
မြင့်မောက်နေသော် ဆေးသမားဖြစ်အံ့။

ကြာသပတေးဂြိုဟ်ခုံ နေရာသည် တနင်္လာဂြိုဟ်ခုံနှင့် တူညီ
စွာ မြင့်မောက်နေသော် ဖြောင့်မှန်သော သဘောရှိအံ့။

သောကြာဂြိုဟ်ခုံသည် ကြာသပတေး ဂြိုဟ်ခုံနှင့် တူညီစွာ
မြင့်မောက်နေသော် မိတ်ဖွဲ့တာဝံအံ့။ ဖြောင့်မှန်အံ့။ အပျော်
အပါး နှစ်သက်အံ့။ သူတစ်ပါးကို ချစ်ခင်တွယ်တာတတ်အံ့။

ကြာသပတေးဂြိုဟ်ခုံ နိမ့်ကျနေသော် ပျင်းရိခြင်း၊ မိမိအကျိုး
ကိုကြည့်ခြင်း၊ မာန မကြီးခြင်း၊ ကြာသပတေး ဂြိုဟ်ခုံတွင်
အကြောင်းတစ်ခု ရှိသော် အရာရာတွင် အောင်မြင် ပြီးစီးအံ့။
များစွာသော အကြောင်းများရှိသော် ကြိုးစားအားထုတ်မည်။
သို့သော် အောင်မြင်ခြင်းမရှိ။ ကြာသပတေးဂြိုဟ်ခုံ မြင့်မောက်

နေသော် တနင်္လာဂြိုဟ်ခုံတွင် ကြိုး တစ်ခုရှိသော် ဘုရားကြည်ညိုသူ၊ ကြာသပတေးဂြိုဟ်ခုံတွင် ကြက်ခြေ တစ်ခုရှိသော် အလှန်ကောင်းသောမိန်းမကိုရမည်။ ပျော်ပျော်နေရမည်။ ကြယ်ပွင့်ရှိသော် ကြီးမြင့်သော အမျိုးအနွယ်နှင့် လက်ထပ် ရမည်။ အစက်အပြောက်ရှိသော် ပျက်စီးဆုံးရှုံးအံ့။ လေးထောင့်သဏ္ဍာန်တစ်ခုရှိသော် အုပ်ချုပ်နိုင်သော တန်ခိုးကိုရရှိအံ့။ ကျွန်းသဏ္ဍာန်တစ်ခုရှိသော် သံတမန်ဖြစ်အံ့။ ဆန်ခါသဏ္ဍာန် တစ်ခုရှိသော် မိမိအကျိုးသာကြည့်အံ့။ မာနကြီးအံ့။ များစွာသော အကြောင်းများရှိ၍ ကြက်ခြေခတ် ဖြတ်သွားသော အကြောင်းရှိသော် ကာမဂုဏ်လွန်ကြူးတတ်အံ့။

## စနေဂြိုဟ်ခုံဟော

စနေဂြိုဟ်ခုံနေရာ မြင့်မောက်နေသော်ဆိတ်ငြိမ်ရာ၌အသက်မွေးရန် နှစ်သက်သည်။ လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတို့ကို လုပ်ကိုင်ရတတ်သည်။ စနေဂြိုဟ်ခုံ နိမ့်ကျနေသော် ကံမကောင်းခြင်း တွေ့ရအံ့။ မိမိကိုယ်မိမိ သတ်သေချင်စိတ် ပေါ်ပေါက်အံ့။ စနေနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံ မြင့်နေသော်၊ ကြာသပတေးဂြိုဟ်ခုံနိမ့်ကျနေသော် လိမ်လည်တောက်ကျစ်သောသူ၊ ခိုးဝှက်တတ်သူ၊ ဆိုးညစ်သူဖြစ်အံ့။ စနေဂြိုဟ်ခုံနှင့် သောကြာဂြိုဟ်ခုံတို့မြင့်မောက်နေသော် သစ္စာ ရှိအံ့။

စနေဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံ မြင့်မောက်နေသော် အရှုပ်ဆိုးအံ့၊ စနေဂြိုဟ်ခုံနေရာတွင်အကြောင်းတစ်ခုရှိသော်ကံကောင်းအံ့။ များစွာသော အကြောင်းများရှိသော် ကံမကောင်းခြင်း

ဖြစ်မည်။ဖြောင့်တန်းသောအကြောင်းတစ်ခုသည် ဟာဒယလောခမှ တက်၍ စနေသို့သွားသော် ဆင်းရဲဒုက္ခတွေ့အံ့။ ကြယ်ပွင့် တစ်ခု စနေမှာရှိသော် မီးကြီးလက်နက်ဖြင့်သေရအံ့။ သို့မဟုတ် ရှောင်တခင်သေရအံ့။ ဤသို့ လက္ခဏာကို လေးထောင့် တစ်ခု ပတ်ဝိုင်းနေသော် သေဘေးမှလွတ်အံ့။ စနေဂြိုဟ်ခုံတွင် ကြိုက် တစ်ခုရှိသော် ကျမ်းတက်ပုဂ္ဂိုလ်ဖြစ်အံ့။ ကြက်ခြေတစ်ခုရှိသော် အလှဲသုံးချအံ့။ ဆန်ခါကွက်တစ်ခုရှိသော် ဆင်းရဲဒုက္ခ ရောက်အံ့။

## တနင်္ဂနွေဂြိုဟ်ခုံဟော

တနင်္ဂနွေဂြိုဟ်ခုံ မြင့်မောက်နေသော် ကျမ်းဂါတ် ပုဂ္ဂိုလ် ဖြစ်အံ့။ သဘင်အတတ်၊ ပန်းချီအတတ် အဖာတ်မျိုးစုံတတ်အံ့။ အသစ်အဆန်း တီထွင်တတ်မည်။ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးညီမျှစွာ မောက်နေသော်အပြောအဆိုကောင်းမည်။ခိုင်မာမည်။တနင်္ဂနွေ ဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံတို့ မြင့်မောက်နေကြသော် အတွေး အခေါ် မှန်ကန်မည်။ မြင့်မြတ်သောစိတ် ရှိအံ့။

တနင်္ဂနွေဂြိုဟ်ခုံနှင့် သောကြာဂြိုဟ်ခုံတို့မြင့်မောက်နေသော် ကြင်နာသနားတတ်သောသူ ဖြစ်အံ့။ တနင်္ဂနွေဂြိုဟ်ခုံ အလွန် မြင့်မောက်နေသော် လောဘကြီးအံ့။ အမြော်မှန် ရခြင်း မရှိ။ တနင်္ဂနွေနေရာနိမ့်သော် မျှင်းရိအံ့။တနင်္ဂနွေနေရာတွင် ကြယ်ပွင့် တစ်ခုရှိသော်၊ အကြောင်းများ ရှိသော် ချမ်းသာ ကြယ်ဝအံ့။ ဆန်ခါကွက်တစ်ခုရှိသော် မိုက်မဲအံ့။ကြက်ခြေတစ်ခုနှင့်ဖြောင့်တန်း သောအကြောင်းတစ်ခုရှိသော် ချမ်းသာမည်။ကြိုက်တစ်ခုရှိသော် အတတ်ပညာများကြောင့် တန်ခိုးကြီးအံ့။ ကျော်စောအံ့။

## ဗုဒ္ဓဟူးဂြိုဟ်ခုံဟော

ဗုဒ္ဓဟူးဂြိုဟ်ခုံ မြင့်မောက်နေသော် လိမ္မာပါးနပ်မည်။ အလွန် မြင့်မောက်နေသော် လိမ်လည်ပြောတတ်မည်။ သစ္စာမရှိ ကတိ မတည်။ နိမ့်ကျသော် မောဟ ကြီးအံ့။ အပျင်း ကြီးအံ့။ ဖြောင့်တန်းသော အကြောင်း တစ်ခု ရှိသော် ကံကောင်းအံ့။ များစွာသော အကြောင်းများ ရှိသော် တည်ကြည် ဖြောင့်မှန် သောသူဖြစ်အံ့။ ဟာဒယမ္ဗလာခနှင့်အကြောင်းများဆက်နေသော် ပေးကမ်း စွန့်ကြဲခြင်း ရှိမည်။ အကြောင်းများ မိန်းမလက် ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် တွေ့သော် ကောင်းသော လက်ထပ် မင်္ဂလာ ပြုရအံ့။

ကြယ်ပွင့် တစ်ခုရှိသော် နိုးကြက်တတ်အံ့။ ကြိုက်တစ်ခုရှိသော် တိုင်းရေးပြည်ရေးနားလည်အံ့။ ကြက်ခြေတစ်ခုရှိသော် လိမ်လည် ကောက်ကျစ်သူ ဖြစ်အံ့။

## အင်္ဂါဂြိုဟ်ခုံဟော

အင်္ဂါဂြိုဟ်ခုံသည် လက်ဖဝါးတွင် နေရာနှစ်ခုရှိသည်။ တစ်နေရာသည် ဗုဒ္ဓဟူးဂြိုဟ်ခုံအောက်၊ တစ်နေရာသည် ကြာသပတေး ဂြိုဟ်ခုံအောက်၊ ကြာသပတေး ဂြိုဟ်ခုံအောက်ရှိ အင်္ဂါဂြိုဟ်ခုံ မြင့်မောက် နေသော် ရဲရင့်သောသူ ဖြစ်မည်။ ဗုဒ္ဓဟူးဂြိုဟ်ခုံ အောက်ရှိ အင်္ဂါဂြိုဟ်ခုံ မြင့်မောက် နေသော် သဘော ဖြောင့် ဖြောင့်ထားပြီး စောင့်ထိန်းနိုင်သောသူ ဖြစ်အံ့။ သို့သော် အင်္ဂါ ဂြိုဟ်ခုံ နှစ်ခု စလုံး မြင့်မောက် နေသော် ဥပဒ် အန္တရာယ်များ သောသူ ဖြစ်အံ့။ ဆိုးညစ်အံ့။ အင်္ဂါနေရာ နှစ်ခုစလုံး နိမ့်လျှော

နေသော် ကြောက်တတ်သောသူ ဖြစ်အံ့။ အင်္ဂါတွင် ကြယ်ပွင့် တစ်ခုရှိသော် သတ်ဖြတ်ရာတွင် အားထုတ်တတ်အံ့။ ကြက်ခြေ တစ်ခုရှိသော် ကာဆီးတတ်အံ့။ ကျွန်းရှိသော် ဘေးတွေ့အံ့။ ကြိုက် တစ်ခုရှိသော် ကောင်းသော ဇစ်သည်တော် ဖြစ်အံ့။ အင်္ဂါနေရာ အမဲစက်ရှိသော်၊ ဗုဒ္ဓဟူးအောက် လက်နှစ်ဘက်စလုံးတွင် အမဲ စက်ရှိသော် ဟရားတွေ့၍ ဥစ္စာပစ္စည်း ဆုံးရှုံးတတ်သည်။ သတိ ထားပါ။

## တနင်္လာဂြိုဟ်ခုံဟော

တနင်္လာဂြိုဟ်ခုံ သို့မဟုတ် စန်းဂြိုဟ်ခုံ မြင့်မောက် နေသော် မြင့်မြတ်သောစိတ် ရှိမည်။ ပွဲသဘင်ကို နှစ်သက်မည်။ စန်းနှင့် ဗုဒ္ဓဟူး မြင့်မောက်နေသော် ကုသိုလ်ကောင်းအံ့။ စန်း နှင့် စနေ မြင့်မောက် နေသော် ယုတ်မာသောစိတ် ရှိမည်။ စန်းဂြိုဟ်တစ်ခု သာ မြင့်မောက် နေသော် စိတ်ကူးဉာဏ် ကောင်းမည်။ အထင် အမြင်ရှိမည်။ စန်းနေရာတွင် ဖြောင့်တန်းသော အကြောင်းတစ်ခု ရှိသော် ဘေးရောက်မည်ကိုကြိုတင်သိအံ့။ ကြက်ခြေတစ်ခုရှိသော် မုသားပြောတတ်မည်။ ဖြောင့်သောအကြောင်းသည်လက်ဖဝါး အောက်မှတက်၍ စန်းသို့ရောက်ရှိသော် ရေကြောင်းဖြင့် ခရီး သွားရအံ့။ ကြယ်ပွင့်တစ်ခုရှိသော် နစ်မြုပ်၍သေအံ့။ များစွာ သော အကြောင်းများနှင့် ၎င်းပေါ် မှာရှိသော် ဆင်းရဲဒုက္ခအမြဲ တွေ့ရတတ်သည်။ ဆန်ခါကွဲ တစ်ခုရှိသော် ဆင်းရဲ ဒုက္ခရောက် သူ ဖြစ်အံ့။ ဇေယျလေ့ခသည်အကြောင်းနှစ်ခုခွဲ၍ စန်းသို့ရောက် သော် ဆန်ခါကွဲတစ်ခု တနင်္ဂနွေမှာရှိသော် ကာမဂုဏ်လွန်ကျူး တတ်အံ့၊ ကြောက်ရွံ့တတ်အံ့။

## သောကြာဂြိုဟ်ခုံဟော

သောကြာဂြိုဟ်ခုံမြင့်မောက်နေသော် ကြာသပတေးဂြိုဟ်ခုံနှင့် တူညီနေသော် အလှအပကို ကြိုက်သည်။ သောကြာဂြိုဟ်ခုံ နိမ့်ကျနေသော် မိမိ အကျိုးကိုသာ သိအံ့။ သောကြာနေရာ မြင့်မောက်နေသော်၊ ကာမဂုဏ် ခံစားမည်။ အရှက်အကြောက် မရှိ။ အကြောင်းများ သောကြာ ဂြိုဟ်ခုံတွင်ရှိသော် စိတ်ကူး ဉာဏ်အားလုံးထက်သန်အံ့။ နှစ်ခု သုံးခုသော အကြောင်းများ သည် သောကြာဂြိုဟ်ခုံမှတက်၍ ကြာသပတေးသို့ ရောက်သော် ချမ်းသာသူဖြစ်အံ့။ သောကြာနေရာတွင် ကြယ်ပွင့်တစ်ခုရှိသော် မိန်းမညွှတ်ကွင်းမိအံ့။ တြိဂံတစ်ခုရှိသော် လျှို့ဝှက်သော ချစ်ခင် မြတ်နိုးသူရှိအံ့။ ကာမဂုဏ် လွန်ကြူးအံ့။

သာမုဒြိက ကျမ်းလာ လက္ခဏာဟောကိန်းပြီးပြီ။

# ကိုင်နှိုဂဏန်း ဗေဒင်ဟောခကိန်း

ဆရာကြီးကိုင်ရိုက မွေးသက္ကရာဇ် မွေးရက်ကို ပိုမိုအရေးကြီးသည် ဆိုထားသည်။

**တစ်ဂဏန်း**

အင်္ဂလိပ်လ မည်သည့်လ မဆို (၁)ရက် (၁၀)ရက် (၁၉)ရက် (၂၈)ရက် မွေးဖွားသူတို့ကို သင်္ချာဗေဒနည်းနှင့် ၁-ဂဏန်း သမားဟု၍ ခေါ်ဆိုသည်။ ၁-ဂဏန်းကို တနင်္ဂနွေ ဂြိုဟ်မင်း ကြီးစိုးသည်။ ဤဂဏန်းသည် တီထွင်ခြင်း၊ ကိုယ်ထူးကိုယ်ချွန် လုပ်ကိုင်ခြင်း၊ ထက်မြက်ခြင်း၊ ခေါင်းမာခြင်း ရှိမည်။ ဇွဲလုံ့လ ရှိမည်။ အသစ်အဆန်း တီထွင်တတ်မည်။ ရည်မှန်းချက် မြင့်မား မည်။ မာနကြီးမည်။ မည်သည့် လုပ်ငန်းမဆို ပြီးမြောက်အောင် လုပ်ကိုင်တတ်သည်။ ခန့်ညားသော အသွင်အပြင် ရှိမည်။ စိတ် ကောက်တတ်သည်။စိတ်ဆိုးလွယ်သည်။အဆောင့်အတန်း မြင့်သော လုပ်ငန်းတွင် ရှိတတ်သည်။ နောက်လိုက် အဖြစ် မနေတတ်။ အထက်တန်းကျရှိနေတတ်သည်။ ပြတ်ပြတ် ပြောဆိုတတ်သည်။ ယိမ်းသွားတို့ ရှိအောင်နေတိုင်တတ်သည်။ တစ်ဂဏန်းသမား

တို့သည် မည်သည့်လုပ်ငန်း လုပ်လုပ် ရှေ့ဆုံးကလုပ်ရမှ ကျေနပ်တတ်ကြသည်။ ရောင်ခြည် ထုံးထောင် အလင်းဆောင်သော တနင်္ဂနွေဂြိုဟ်မင်းသည် အမှောင်လောကကြီးပေါ်ရှိ သက်ရှိသက်မဲ့တို့၏ အသက်ရှင်ရေးကို ဖန်တီးနိုင်သလို လောကမှာလည်း တစ်ဂဏန်းသမားများကို မင်းစိုးရာဇာများ၊ ခေါင်းဆောင်ကြီးများအဖြစ် တွေ့ရှိနိုင်သည်။ အလက်ဇန္ဒား သည်ဂရိတ်သည် ဇူလိုင် (၁) ရက်တွင် မွေးဖွားသည်။ သမ္မတ ဟူးဗားသည် ဩဂုတ်လ (၁၀) ရက်တွင် မွေးဖွားသည်ကို ကြည့်က သိနိုင်ပေသည်။

တစ်ဂဏန်းသမား တို့သည် ၁၊ ၁၀၊ ၁၉၊ ၂၈ ရက် တို့မှာ လုပ်ကိုင် ဆောင်ရွက် အကောင်အထည် ဖော်ရန် လိုသည်။ မိတ်ဂဏန်းဖြစ်သော ၂၊၄၊၇ ဂဏန်းကျသော ရက်များလည်း သင့်၏။ လာဘ်ကောင်းသောနေ့များမှာ တနင်္ဂနွေနှင့် တနင်္လာနေ့ တို့ဖြစ်သည်။ လာဘ်ကောင်းသောရတနာမှာ ရွှေ၊ ပယင်း၊ စိန်၊ ဥဿဖယားတို့ဖြစ်သည်။ လာဘ်ကောင်းသော အရောင်မှာ အဝါ၊ ရွှေရောင်၊ လိမ္မော်ရောင်တို့ ဖြစ်သည်။ အသက် ၁၊ ၁၀၊ ၁၉၊ ၂၈၊ ၃၇၊ ၄၆၊ ၅၅၊ ၆၄၊ ၇၃ နှစ် များတွင် ထူးခြားသော ဖြစ်စဉ်များနှင့် ကြုံတွေ့ရတတ်သည်။

**နှစ်ဂဏန်း**

မည်သည့် အင်္ဂလိပ်လမဆို ၂၊ ၁၁၊ ၂၀၊ ၂၉ ရက် တို့တွင် မွေးဖွားသော် ၂ ဂဏန်းဖွားဖြစ်သည်။ နှစ်ဂဏန်းမှာ တနင်္လာဂြိုဟ်စိုးမိုးသော ဂဏန်း ဖြစ်သည်။ သဘာဝအားဖြင့် သိမ်မွေ့နူးညံ့ကြသည်။ စိတ်ကူးယဉ်သည်။ အနုပညာဆန်သည်။

အတွေးအခေါ်ဆန်းပြားသည်။ တီတွင်ကြံဆ နိုင်သော်လည်း အကောင်အထည်ဖော်ထုတ်ရာတွင် ခွန်တိုက်အားစိုက် မရှိကြ။ မိမိတို့ကိုယ်ကို မိမိတို့ ယုံကြည်မှုနည်းခြင်း၊ မိမိတို့သည် စိတ်ထိခိုက်လွယ်ခြင်းရှိသည်။ အဆင်မပြေလျှင် စိတ်လျှော့တတ်သည်။ တစ်ကမ္ဘာလုံးကို စိုးမိုးရန် စစ်မီးမွေးခဲ့သူ နာဇီဟစ်တလာကား ပေါလွင်ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ စိတ်ကူးဉာဏ်ကောင်းသလောက် လက်တွေ့ အကောင်အထည် ဖော်ရာတွင် နောက်ဆုံး ဆုံးရှုံးခဲ့ရရှာသည်။ သူကား ဧပြီလ ၂၀-ရက်တွင် မွေးဖွားခဲ့သည်။

* *

နှစ်ဂဏန်းသမားတို့သည် ၇၊၁၆၊၂၅ ရက်တို့တွင် မွေးဖွားသော သူတို့နှင့် ပေါင်းသင်းဆက်ဆံက ကောင်းသည်။ အမှုကိစ္စလုပ်ငန်းကို ၂၊၁၁၊၂၀၊၂၉ ရက်နေ့ များနှင့် ၇၊၁၆၊၂၅ ရက်၊ ၇-ဂဏန်း ကျသော ရက်များတွင် လုပ်ငန်းကို စတင်ဆောင်ရွက် လုပ်ကိုင်လျှင် အောင်မြင်လိမ့်မည်။

လဘ်ကောင်းသောအရောင် အဖြူ၊ နီသ၊ အစိမ်းရောင်တို့ကို ဝတ်ဆင်ရမည်။

လာဘ်ကောင်းသောရတနာ ပုလဲ၊ မြ၊ ကျောက်စိမ်းတို့ကို ဝတ်ဆင်ရမည်။

နှစ်ဂဏန်းသမား တို့သည် အသက် ၂၊၁၁၊၂၀၊၂၉၊၃၈၊ ၄၇၊၅၆၊၆၅၊၇၄ နှစ်တို့တွင် ထူးခြားသော ဖြစ်စဉ်တို့နှင့် တွေ့ကြုံရတတ်သည်။

## သုံးဂဏန်း

မည်သည့်အင်္ဂလိပ်လမဆို ၃၊ ၁၂၊ ၂၁၊ ၃၀ ရက်များတွင် မွေးဖွားသော သူများသည် သုံးဂဏန်းသမားများဖြစ်ကြသည်။ ကြာသပတေးဂြိုဟ် စိုးမိုးသည်။ စိတ်ကူးဉာဏ် ကောင်းခြင်း၊ ထိုးထွင်းတတ်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးရခြင်း၊ စိတ်နှလုံးကောင်းခြင်း၊ ဖြောင့်မှန်ခြင်း ရှိကြသည်။ သူတို့သည် အမိန့် အာဏာနှင့် စည်းမျဉ်း ဥပဒေကို ရိုသေမြတ်နိုးတတ်သူများ ဖြစ်ကြသည်။ သုံးဂဏန်း သမားတို့သည် ထင်ပေါ် ကျော်ကြားသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ အထူးသဖြင့် အခြားသူများက ယုံကြည်စွာ လွှဲအပ်သော လုပ်ငန်းများနှင့် တာဝန်ခံ လုပ်ငန်းများတို့တွင် တွေ့နိုင်ပေသည်။ သုံးဂဏန်း သမားတို့သည် ဘဝ အစဦး၌ နိမ့်ကျဆင်းရဲကြသော်လည်း နောက်ဆုံး၌ကား ဘဝအမြင့်ဆုံး အဆင့်သို့ ရောက်ရှိ ကြသည်သာ များသည်။ သာမန် ထင်းခုတ် သမားဘဝမှ ကြီးမြင့်ကာ သမ္မတကြီး ဘဝသို့ ရောက်သော လင်ကွန်းကား ထင်ရှားသော သာဓကဖြစ်ပေသည်။ သူကား ဖေဖော်ဝါရီလ ၁၂ ရက်တွင် မွေးဖွားခဲ့သည်။ စတုတ္ထမြောက် ဂျော့ဘုရင်သည်ဩဂုတ်လ ၁၂ ရက်တွင်လည်းကောင်း၊ နန်းရင်းဝန်ကြီး ဝင်စတန် ချာချီသည် နိုဝင်ဘာ ၃၀ ရက်တွင် လည်းကောင်း မွေးဖွားခဲ့သည်တို့ကို သာဓကအဖြစ် ကြည့်ရှုနိုင်သည်။

သုံးဂဏန်း သမားတို့အဖို့ လာဘ်ကောင်းသော နံပါတ်မှာ (၃)ဂဏန်းသာလျှင်ဖြစ်သည်။ သူတို့၏ မိတ်ဖက် ဂဏန်းများမှာ ၆ နှင့် ၉ ဂဏန်းများ ဖြစ်သည်။ လာဘ်ကောင်းသော ရက်များမှာ ၃၊၁၂၊၂၁၊၃၀ ရက်တို့ဖြစ်သည်။ လာဘ်ကောင်း

သော အရောင်များမှာ မရမ်းရောင်၊ ပန်းရောင်၊ အပြာရောင်၊ အနီရောင်များဖြစ်သည်။ လာဘ်ကောင်းသော ရတနာများမှာ ပတ္တမြား၊ ကျောက်နီတို့ ဖြစ်ကြပါသည်။

သုံးဂဏန်း သမားတို့သည် ၃၊ ၁၂၊ ၂၁၊ ၃၀၊ ၃၉၊ ၄၈၊ ၅၇၊ ၆၆ စသော အသက်ပိုင်းတို့တွင် ထူးခြားသော ဖြစ်ရပ်တို့နှင့် ရင်ဆိုင်ကြရတတ်သည်။

**လေးဂဏန်း**

မည်သည့် အင်္ဂလိပ်လ မဆို ၄၊ ၁၃၊ ၂၂၊ ၃၁ တို့တွင် မွေးဖွားသော လေးဂဏန်းသမား ဖြစ်သည်။ ဇူလိုင် ၂၁ မှ ဩဂုတ်လ ၂၂ ရက်အတွင်း တနင်္ဂနွေဂြိုဟ် ကြီးစိုးသော ဇန်နဝါရီလ ၂၁ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အတွင်း ယူရေးနတ်(စ်)ဂြိုဟ် ကြီးစိုးသော လပိုင်းများအတွင်း မွေးဖွားသော သူတို့သည် လေးဂဏန်းသမားများ ဖြစ်ကြသည်။ လေးဂဏန်းသည် ယူရေးနတ်ဂြိုဟ် ကြီးစိုးသည်နှင့်အညီ တနင်္ဂနွေဂြိုဟ်နှင့် ဆက်စပ်လျက်ရှိသည်။ တနင်္ဂနွေဂြိုဟ်မှာ ၁ ဂဏန်း၊ ယူရေးနတ်(စ်)ဂြိုဟ်မှာ ၄ ဂဏန်း။ ထို့ကြောင့် ၁ နှင့် ၄ ဂဏန်းတို့သည် မိတ်ဂဏန်းများ ဖြစ်ကြသည်။

လေးဂဏန်းသမားတို့၏ စိတ်နေစိတ်ထားကို သိရန်မလွယ်ချေ။ ပတ်ဝန်းကျင် လောကနှင့် အစဉ်သဖြင့် ဆန့်ကျင်လေ့ရှိကြသည်။ သူတို့သည် အများနှင့်မတူ။ ကွဲလွဲသော အယူအဆ အတွေးအခေါ်တို့ ရှိကြသည်။ အများနှင့် ဆန့်ကျင် နေတတ်

သည်။ ရန်ပုန်းများ ရှိနေတတ်သည်။ လေးဂဏန်း သမားတို့သည် စည်းစိမ်ဥစ္စာကို မက်မောသူများ မဟုတ်ချေ။ မိတ်ဆွေ အပေါင်းအဖော် နည်းပါးတတ်သည်။ အိမ်ထောင်ဖက်နှင့်လည်း အဆင်မပြေ ဖြစ်တတ်သည်။ လေးဂဏန်း သမားတို့ကို ကြည့်မည်ဆိုသော် အမေရိကန်တော်လှန်ရေးခေါင်းဆောင်ကြီး ဂျော့ဝါရှင်တန်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် မွေးဖွားခဲ့သည်။ မြန်မာနိုင်ငံ တော်လှန်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှာ ဖေဖော်ဝါရီလ ၁၃ ရက်တွင် မွေးဖွားခဲ့သည်တို့ကို ကြည့်က သိနိုင်ပေသည်။

မိတ်ဖက် ၁၊ ၁၀၊ ၁၉၊ ၂၈ ရက်တို့တွင် မွေးဖွားသောသူတို့နှင့် မိတ်သင့်သောကြောင့် ပေါင်းသင်း ဆက်ဆံကောင်းသည်။ သင့်သည်။

အကျိုးပေးသည့်နေ့များမှာ စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့များ ဖြစ်သည်။

လာဘ်ကောင်းသော အရောင်အဆင်းမှာ အဝါရောင်၊ မီးခိုးရောင်၊ အပြာနုစသော အရောင်တို့ကို ဝတ်ဆင်နိုင်သည်။ လာဘ်ကောင်းသော ရတနာ နီလာ၊ ကြောင်တို့ကို ဝတ်ဆင်နိုင်သည်။

ထူးခြားသောနှစ်များ အသက် ၄၊ ၁၃၊ ၂၂၊ ၃၁၊ ၄၀၊ ၅၈ ၆၇ အသက်ပိုင်းတို့တွင် ထူးခြားသော ဖြစ်အပျက် တို့နှင့် ရင်ဆိုင်ရတတ်သည်။

ငါးဂဏန်း၊

အင်္ဂလိပ် ဘယ်လမဆို ၅၊၁၄၊၂၃ ရက်တွင် မွေးဖွားသော ငါးဂဏန်းသမားများ ဖြစ်ကြသည်။ ဗုဒ္ဓဟူးဂြိုဟ်၏ အထိမ်းအမှတ်။ ခရီးသွားလာ၍ ရောင်းဝယ်ဖောက်ကားရသောအလုပ်ကို လုပ်ကိုင်တတ်သည်။ လျင်မြန်သည်။ဖျတ်လတ်သည်။ မိတ်ဖွဲ့တတ်သည်။ အသစ်အဆန်းတီထွင်တတ်သည်။ ငွေရမြန်သော၊ ငွေဖြစ်မြန်သော လုပ်ငန်းကို လုပ်ချင်သည်။ မကောင်းမှုဒုစရိုက်ပြုလျှင်လည်း မကောင်းမှန်းသိလျက် ပြုလုပ်တတ်သည်။ ကောင်းမှုပြုလျှင်လည်း အမြဲတမ်း ပြုနေတတ်သည်။ အကြံအစည်များသောကြောင့် စိတ်အာရုံများတတ်သည်။ နောက်ပြောင်ပြက်ရယ်ပြုလုပ်မှုကို အလိုမရှိတတ်။ ဘာမဆို အလိုရှိလျှင် စွန့်စားပြီး လုပ်ကိုင်တတ်သည်။ ခေတ်မီသော အသစ်အဆန်းဖြစ်သော အရာဝတ္ထုတို့ကို နှစ်သက်သည်။ လောင်းကစား ဝါသနာပါတတ်သည်။ မော်တော်ကားလုပ်ငန်း၊ ပွဲစား၊ ရောင်းဝယ်ခြင်းတို့ဖြင့် ချမ်းသာကြွယ်ဝနိုင်သည်။ မဟုတ် အကြီးအကဲဖြစ်မည်။ ငါးဂဏန်းတင် ထူးချွန်သောပုဂ္ဂိုလ်များ။ မြင်သစ်ဘုရင် စိန့်လူဝစ်သည် မေ ၂၃ ရက်တွင် မွေးဖွားသည်။ (၆) ကြိမ်မြောက် ဂျော့ဘုရင်သည် ဇီဇင်ဘာ ၁၄ ရက်တွင် မွေးဖွားခဲ့သည်။

မိတ်ဖက် ၅၊ ၁၄၊ ၂၃ ရက်တို့တွင် မွေးဖွားသောသူများနှင့် ၅ါမ်ဆောင်ဖက် မိတ်ဖက် ဖြစ်သည်။ သင့်သည်။ လာဘ်ကောင်းသောနေ့ ဗုဒ္ဓဟူး၊ သောကြာ။ ထိုနေ့များသည် လာဘ်ကောင်းသော နေ့များ ဖြစ်သည်။ လာဘ်ကောင်းသော

အရောင်အဆင်း အဖြူ၊ မီးခိုး၊ အရောင်စုံများနှင့် သင့်မြတ်သည်၊ လာဘ်ကောင်းသော ရတနာတို့မှာ စိန်၊ ဥဿဖယား၊ ပုလဲ၊ ကြောင် ရတနာတို့ ဖြစ်သည်။

**ခြောက်ဂဏန်း**

၆ ဂဏန်းသည် သောကြာဂြိုဟ် အထိမ်းအမှတ်လက္ခဏာ ဖြစ်သည်။ အင်္ဂလိပ်လ ၆၊ ၁၅၊ ၂၄ ရက်တွင် မွေးဖွားသောသူများသည် ခြောက်ဂဏန်းသမားများ ဖြစ်ကြသည်။ ခြောက်ဂဏန်းသမားတို့သည် သာယာ အဆင်ပြေခြင်းကို မြင်လိုကြသည်၊ မိမိလည်း သာယာ အဆင်ပြေခြင်းကို အလိုရှိသည်။ အဆင့်မြင့်မြင့် နေချင်သည်။ စကား အပြော သာယာမည်၊ ခေါင်းမာသည်။ လူချစ်လူခင်ပေါများမည်။ ခေတ်မီသောအရာဝတ္ထုတို့ကို နှစ်သက်မြတ်နိုးသည်။ စိတ်သဘောကောင်းသည်။ မတရားသော အမှုတို့ကို မလုပ်တတ်။ ဘုတင်းစာဆရာ၊ စာရေးဆရာ၊ အနုပညာဘက်တွင် ဝါသနာပါတတ်သည်။ အနုပညာဘက်တွင် နာမည်ကျော်တတ်သည်။ ၆ ဂဏန်းသမားတို့သည် အထက်တန်းသို့ ရောက်ရှိတတ်သည်။ အင်္ဂလန်မှ ဘုရင်မကြီး ဗိတိုးရီးယားသည် မေ ၂၄ ရက်တွင်လည်းကောင်း၊ ပြင်သစ်ဧကရာဇ် ဘုရင်ကြီး နပိုလီယန်သည် ဩဂုတ်လ (၁၅) ရက်တွင် လည်းကောင်း မွေးဖွားခဲ့သည်ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။

ထူးခြားသော အသက်ပိုင်း။ အသက် ၆၊ ၁၅၊ ၂၄၊ ၃၃၊ ၄၂၊ ၅၁၊ ၆၀ နှစ်ပြည့်တွင် ထူးခြားသော အဖြစ်များနှင့် ကြုံတွေ့ရတတ်သည်။

လာဘ်ကောင်းသောရက်များ....

၆၊ ၁၅၊ ၂၄ နှင့် ၃၊ ၁၂၊ ၂၁၊ ၃၀၊ ၉၊ ၁၈၊ ၂၇ ရက်တို့ ဖြစ်သည်။

လာဘ်ကောင်းသော အရောင်အဆင်းမှာ အပြာ၊ အပြာ၊ မရမ်းရောင်တို့ ဖြစ်သည်။

လာဘ်ကောင်းသောရတနာ နီလာ၊ ပုလဲ၊ မြ။

ခုနစ်ဂဏန်း

အင်္ဂလိပ်လ ဘယ်လမဆို ၇၊ ၁၆၊ ၂၅ ရက်တို့တွင်မွေးဖွားသော် ၇ ဂဏန်းသမားဖြစ်သည်။ ၇ ဂဏန်းသည် နက်(ပ်)ကျွန်းဂြိုဟ်၏ အထိမ်းအမှတ် ဖြစ်သည်။

ထိုသူတို့သည် ဉာဏ်ရှိသူများ ဖြစ်ကြသည်။ နိုင်ငံခြားမှလာသော ကုန်ပစ္စည်းများရောင်းဝယ်ခြင်းတို့ကို ကြိုက်နှစ်သက်သည်၊ အတွေးပေါ်မှန်ကန်သည်။ ခရီးသွားလာခြင်းကို နှစ်သက်သည်။ မိမိစိတ်ကူးဖြင့် အရောင်းအဝယ် လုပ်သောကြောင့် ကြွယ်ဝချမ်းသာတတ်သည်။ ဥစ္စာပစ္စည်းမခင်တွယ်တတ်။ နိုင်ငံရပ်ခြားသို့ ခရီးသွားလိုစိတ်ရှိသည်။ နိုင်ငံခြားသားတို့ နေပုံထိုင်ပုံ ရေးသားသော စာပေတို့ကို အမြဲတစေ ကြည့်ရှု ဖတ်နေတတ်သည်၊ ကမ္ဘာ့အရပ်ရပ်မှ သတင်းများကို စိတ်ပါဝင်စားနေတတ်သည်၊ ခုနစ်ဂဏန်းသမားတို့သည် ကြီးကျယ်သောလုပ်ငန်းရှင်ကြီးများ ဖြစ်တတ်သည်၊ သူတို့သည် သင်္ဘောပိုင်ရှင်ကြီးများ၊ ကုန်သည်ကြီးများ နေရာတွင် ရှိတတ်သည်။

အကြားအမြင်၊ အထပ်ပေါက်၊ အမြင်ပေါက်၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးများလည်း ဖြစ်နေတတ်သည်။ အလီဇဘက်ဘုရင်မ ●က်တင်ဘာ(၇)ရက်ကွင်မွေးဖွားသည်ကိုကြည့်က သိနိုင်သည်။ သူတို့သည် ၂၊၇၊၅ ဂဏန်းသမားများနှင့် ပေါင်းသင်း ဆက်ဆံသော် ကောင်းသည်။

လာဘ်ကောင်းသောနေ့-တနင်္လာနေ့ဖြစ်သည်။

လာဘ်ကောင်းသောရက် ၇၊၁၆၊၂၅ တို့တွင် လုပ် ကိုင်နိုင်သည်။

လာဘ်ကောင်းသော အရောင်မှာ အစိမ်း၊အဖြူ၊အဝါမဲပြာ ရောင်များဖြစ်သည်။ လာဘ်ကောင်းသောရတနာမှာ မြ၊ ပုလဲ၊ ကြောင် စသော ရတနာတို့ ဖြစ်သည်။

## ရှစ်ဂဏန်း

အင်္ဂလိပ်လ ဘယ်လစ်ဆို ၈၊ ၁၇၊ ၂၆ ရက်တို့ကွင် မွေးဖွား သော် ရှစ်ဂဏန်းသမားဖြစ်သည်။ စနေဂြိုဟ်စိုးမိုးသည်။ စနေ ဂြိုဟ်၏ ဂဏန်းမှာ ရှစ်ဂဏန်းဖြစ်သည်။

မိမိတို့မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လုပ်ကိုင်တတ်သည်။ လူမုန်းများတတ်သည်။ အေးတိ အေးစက် နေထိုင် တတ်သည်။ မိမိအဖြစ်ကို လူမသိအောင် မျိုသိပ်ထားတတ်သည်။ ဘာသာ ရေးတွင်လည်း အယူသီးလွန်းသူ၊ တစ်ဘက်စွန်းကျလွန်းသူများ ဖြစ်တတ်ကြသည်။ မိမိအား မုန်းသူများ ရှိနေတတ်သည်။ မိမိ သည် ကံစီမံသည့်အတိုင်း မဟုတ်ဘဲ အခြားသူ များ အတွက်

ကိုယ်က ဓားစာခံ ဖြစ်ရတတ်သည်။ ၈ ဂဏန်းများသည် အကြီးအကျယ် ခံစားတတ်သည်။ အရေးနိမ့်တတ်သည်။ သတိထားပါ။ အရာရာ အပြော အဆို ဆင်ခြင်ပါ။ အများနှင့် ဆန့်ကျင်နေတတ်သည်။ ၄ ဂဏန်းနှင့် ၈ ဂဏန်း၊ သမားတို့သည် ကြေကွဲဝမ်းနည်းဖွယ်ရာအခန်းတွင် ပါဝင်နေသောကြောင့် ထိုဂဏန်းရှင်များသည် လူသူ မနီးသော တောတောင်တွင် တရား အားထုတ်နေလျှင် အလွန် ကောင်းသည်။ အများနှင့် နေလျှင် မေးလျှင်ပြော မမေးလျှင် မပြောနှင့်။ နေရာတကာ ဝင်ထိုင်နေလျှင် ကောင်းသည်။ ရှစ်ဂဏန်း သမားတို့ကား ဆွီဒင်ဘုရင် ဘာနာဒေါ့ ဇန်နဝါရီ ၂၆ ရက်တွင် မွေးဖွားခဲ့သည်။ စကော့ဘုရင်မကြီး မေရီ ဒီဇင်ဘာ ၈ ရက်တွင် မွေးဖွားခဲ့သည်။

အကြွေ အစည် ပြုရန် ရက် ၈၊ ၁၇၊ ၂၆ ရက်များတွင် လုပ်ဆောင်သင့်သည်။

နေ့ကောင်းများမှာ စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့များ ကောင်းသည်။

လာဘ်ကောင်းသော အရောင်အဆင်းမှာ အနက်၊ နက်ပြာ၊ ခရမ်းရောင်များ ဖြစ်သည်။

လာဘ်ကောင်းသော ရတနာမှာ ဂေါမုတ်၊ နီလာ၊ ပုလဲတို့နှင့် သင့်မြတ်သည်။

မိတ်ဖက် ၈၊ ၁၇၊ ၂၆ ရက်များတွင် မွေးဖွားသော သူတို့နှင့် ပေါင်းသင်း ဆက်ဆံကောင်းသည်။

## ကိုးဂဏန်း ✳

အင်္ဂလိပ်လ ဘယ်လမဆို ၉၊ ၁၈၊ ၂၇ ရက် မွေးဖွားသော် ကိုးဂဏန်းရှင် ဖြစ်သည်။ အင်္ဂါဂြိုဟ်စိုးမိုးသည်။

စိတ်ပြင်းထန်ခြင်း၊ ဒေါသကြီးခြင်း ရှိသောကြောင့် မိမိထား အုပ်ထိန်းရသော သူများပေါ် လက်လျှော့ရတတ်သည်။ နေရာတကာ အကိုက်အခံများ တွေ့ရတတ်သည်။ မိမိကိုသည် တဇွတ်ထိုး တဇောက်ကန်း ပြုလုပ်တတ်သည်။ ရန်ပုန်းများ အမြဲရှိတတ်သည်။ မိုက်ကန်းသောစိတ် ရှိတတ်သည်။ ကိုးဂဏန်း သမားတို့တွင် ထထက်တန်း ရောက်သော ပုဂ္ဂိုလ်များ။ အမေရိကန် သမ္မတ သီအိုဒိုးရုစဗဲ့မှာ အောက်တိုဘာ ၂၇ ရက်တွင် မွေးဖွားသည်။ ရုရှား ဆီဇာဘုရင် ဒုတိယမြောက် နီကိုလတ်သည် မေ ၁၈ ရက်တွင် မွေးဖွားခဲ့သည်ကို ကြည့်က သိနိုင်သည်။ ကိုးဂဏန်းနှင့် ထူးခြားသော ပုဂ္ဂိုလ်များ ဖြစ်သည်။

လာဘ်ကောင်းသောရက် ၉၊ ၁၈၊ ၂၇ ရက် များတွင် အကြံအစည် ပြုလုပ် ကောင်းသည်။

လာဘ်ကောင်းသောနေ့ ကြာသပတေး၊ သောကြာ။ ထိုနေ့များ ကောင်းသည်။

လာဘ်ကောင်းသော အရောင်အဆင်းမှာ ကြက်သွေး၊ အနီရောင်၊ ပန်းရောင်များနှင့် သင့်လျော်သည်။

လာဘ်ကောင်းသော ရတနာများမှာ ပတ္တမြား၊ ကျောက်နီ။ အိမ်ထောင်ဖက်....၉၊ ၁၈၊ ၂၇ ရက် မွေးဖွားသူများနှင့် ပေါင်းသင်း ဆက်ဆံက သင့်ကောင်းသည်။

## ၈၅. နှစ် ကောင်းမကောင်း တွက်ပုံ

ဖေဖော်ဝါရီလ ၃-ရက် ၁၉၄၅-ခု မွေးဖွားသူ တစ်ဦးကို တွက်ကြည့်သော် ၃+၂+၁+၉+၄+၅=၂၄ ၂+၄=၆ ကံကြမ္မာ ဂဏန်း ၆-ရသည်။ အသက် ၃၅-နှစ် ရောက်သော အခါ ကံကြမ္မာဂဏန်း (၁) ဂဏန်း ရောက်နေသည်ကို တွေ့ရသည်။

အသက် . ၃ ၅ ၆ ကံကြမ္မာ ဂဏန်း

၈ ၂

၁

## ကံကြမ္မာ ဂဏန်း ဟောကိန်း

တစ်ဂဏန်း-တနင်္ဂနွေဂြိုဟ် စိုးမိုးသော ဂဏန်း ဖြစ်သည်။ တနင်္ဂနွေဂြိုဟ်မင်းသည် ရောင်ခြည်တစ်ထောင် အလင်းဆောင်၍ ကမ္ဘာလောကကြီးကို ရှေးဦးစွာ အလင်းရောင်ပေးသော ဂြိုဟ်မင်းကြီး ဖြစ်သောကြောင့် လုပ်ငန်းသစ် အကြံသစ် ဉာဏ်သစ် စတင် လုပ်ကိုင်အပ်သောနှစ် ဖြစ်သည်။

နှစ်ဂဏန်း- တနင်္လာဂြိုဟ် စိုးမိုးသော ဂဏန်း ဖြစ်သည်။ ပျော့ညံ့သည်။ ပျက်စီးဆုံးပါးတတ်သည်။ မည်သည့် လုပ်ငန်း လုပ်လုပ် ထိုနှစ်တွင် လုပ်က အကျိုးမသင့် ဖြစ်တတ်သည်။

သုံးဂဏန်း- ကြာသပတေးဂြိုဟ်စိုးမိုးသော ဂဏန်းဖြစ်သည်။ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းနှင့် ပတ်သက်၍ လုပ်သော

လုပ်ငန်းဟူသမျှ အောင်မြင်မည်။ တိုးတက်မည်။ ရည်မှန်းချက်ကိုက်မည်။

လေးဂဏန်း–ယူရေးနတ်(စ်)ဂြိုဟ် စိုးမိုးသော ဂဏန်းဖြစ်သောကြောင့် လုပ်ငန်းကိုင်း မျှော်မှန်းချက်မကိုက် ဖြစ်နေတတ်သည်။ လုပ်ငန်းများတစ်ခုပြီးတစ်ခု ပြောင်းရွှေ့လုပ်ကိုင်ရတတ်သည်။ လုပ်ကိုင်သော်လည်း အကျိုးခံစားခွင့်မရ ရှိတတ်သည်။

ငါးဂဏန်း–ဗုဒ္ဓဟူးဂြိုဟ် စိုးမိုးသော ဂဏန်းဖြစ်သည်။ အလုပ်အကိုင် အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးအမြတ်ရှိသည်။ အခြားနှစ်များထက် အရောင်းအဝယ် ကောင်းမည်။ စိုက်ပျိုးရေးအောင်မြင်မည်။ အကျိုးခံစားရမည်။

ခြောက်ဂဏန်း–သောကြာဂြိုဟ်စိုးမိုးသော ဂဏန်းဖြစ်သည်။ လုပ်ငန်းများ အောင်မြင် တိုးတက်မည်။ ရည်မှန်းချက်ကိုက်မည်။

ခုနစ်ဂဏန်း–နက်(ပ်)ကျွန်းဂြိုဟ်နှင့် ၂ ဂဏန်း စိုးမိုးသော အခါ စိုးမိုးသောဂဏန်းဖြစ်သောကြောင့် လက်ရှိလုပ်ငန်းများ တိုးတက်ကြီးပွားမည်။ နိုင်ငံခြားဖြစ်ပစ္စည်း အရောင်းအဝယ်နှင့် ပတ်သက်၍ အမြတ်ရမည်။ ချမ်းသာမည်။ ကြွယ်ဝမည်။

ရှစ်ဂဏန်း–စနေဂြိုဟ် စိုးမိုးသော ဂဏန်း ဖြစ်သည်။ အရောင်းအဝယ် ပျက်စီးမည်။ ငွေကြေးဆုံးပါးမည်။ မနာလိုဝန်တိုသူများနှင့်တွေ့ရမည်။ အတိုက်အခံများတွေ့ရမည်။ မိမိနှင့် အခြားလူများ တစ်ဘက်တစ်လမ်း ဖြစ်နေတတ်သည်။ အကြီးအကျယ် ဒုက္ခတွေ့ရတတ်သည်။ ၈-ဂဏန်း၊ ၄-ဂဏန်းအိမ်နံပါတ်များ ရှောင်ပါ။ ကားနံပါတ်မှာလည်း ထိုနံပါတ်များရှောင်ပါ။

ထိုနံပါတ်များတွင် နေသော လူကိုထိခိုက်မည်။ သတိထား ရှောင်ပါ။

ကိုးဂဏန်း-အင်္ဂါဂြိုဟ်စိုးမိုးသော ဂဏန်းဖြစ်သည်။ မည်သည့် လုပ်ငန်းမဆို ခက်ခက်ခဲခဲ လုပ်ကိုင်ရမည်။ ငွေလုံ့လရှိမှ အောင်မည်။ ငွေမရှိလျှင် ကျဆုံးမည်။ ဆုံးရှုံးမည်။ အတိုက်အခံများမည်။ ရန်များမည်။

နာမည်ဟောကိန်းမှာ မွေးရက်ဟောကိန်းလို တိကျမှန်ကန်သည် မဆိုလို။ နာမည်မှာ အမျိုးမျိုးပြောင်းလဲ ခေါ်ဝေါ်နိုင်သည်။ ခိုင်ပြသောအရာ မဟုတ်။

မွေးရက်မှာ မိမိမွေးစဉ်က ရှိသောရက်ဖြစ်သည်။ အထောက်အထား ခိုင်လုံသည်။ ဟောပြောလျှင် မှန်သည်။

အက္ခရာကိုဂဏန်းကောက်ယူနည်း အောက်မှာကြည့်ပါ။

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 |
|---|---|---|---|---|---|---|---|---|
| A | B | C | D | E | F | G | H | I |
| J | K | L | M | N | O | P | Q | R |
| S | T | U | V | W | X | Y | Z | |

နာမည် မောင်လှ ဆိုပြောင်် ၅-ဂဏန်းရသည်။ တွက်ပုံကို ကြည့်ပါ။

M.G.H.L.A.

4 + 7 + 8 + 3 + 1 = 23 2+3 = 5

အထက်နည်း အတိုင်း တွက်သွားနိုင်သည်၊ အလို ရှိ ရာ နာမည်များ တွက်သွားပါ။

## တစ်ဂဏန်း

တစ်ဂဏန်းမှာ တနင်္ဂနွေဂြိုဟ် စိုးမိုးသော ဂဏန်းဖြစ်သည်။ အားကိုးမမြင် ကိုယ်ထူးကိုယ်ချွန် လုပ်ကိုင်မှ အောင်မြင်မည်။ ထိထွင်ပညာရှင် ဖြစ်မည်။ အလုပ်တွင် ဇွဲရှိသည်။ ရည်မှန်းချက် ကြီးသည်။ လုပ်ငန်းတွင် ရှေ့ဆုံးက နေတတ်သည်။ စိတ်ဆိုးတတ်သည်။ နောက်ပြောင်ခြင်းကို အလိုမရှိတတ်။ မှန်မှန်ပြောသောစကားကိုသာ လက်ခံတတ်သည်။ နောက်လိုက်အဖြစ် မနေတတ်။ မိမိသာလျှင် ရှေ့ကသွားလာလုပ်ကိုင်ပြောဆိုတတ်သည်။ စကားအပြောအဆို ပြတ်သားသည်။ မည်သည့် လုပ်ငန်းမဆို အောင်မြင်တတ်သည်။

## နှစ်ဂဏန်း

တနင်္လာဂြိုဟ်စိုးမိုးသော ဂဏန်းဖြစ်သည်။ အနေအထိုင် အပြောအဆို နူးညံ့သည်။ အနုပညာ ဝါသနာပါတတ်သည်။ အသစ်အဆန်း တီထွင်ကြံဆနိုင်သည်။ သာယာမှုအလှအပကို ကြိုက်သည်။ လူအများ ချစ်ခင်လေးစားခြင်း ခံရမည်။ စိတ်သဘောကောင်းသည်။ ပျော်ပျော်နေတတ်သည်။ သူတစ်ပါး အနိုင်ကျင့် ခံရတတ်သည်။ သတိထား နေထိုင်ပါ။

## သုံးဂဏန်း

ကြာသပတေးဂြိုဟ်စိုးမိုးသော ဂဏန်းဖြစ်သည်။ ရည်မှန်းချက်ကောင်းသည်။ လုပ်နည်းကိုင်နည်း မှန်ကန်သည်။ အနေအထိုင် စည်းကမ်းရှိရှိနေတတ်သည်။ ကိုယ်ချင်းစာတရားရှိတတ်

သည်။ ကျေးမွေးဟိုင်းမစားတတ်။ လက်မခံတတ်။ မိမိအလို အတိုင်း မိမိသဘောအတိုင်း နေတတ်သည်။ ပြဇာအာဏာ ရှိသည်။ အခြားသူများ လေးစားခြင်း ခံရတတ်သည်။ စက်မှု လက်မှုလုပ်ငန်း၊ စာပေလုပ်ငန်းတို့တွင် လုပ်ကိုင်နေတတ်သည်။

**လေးဂဏန်း**

ထိုဂဏန်းမှာ ယူရေးနတ်(စ်)ဂြိုဟ် စိုးမိုးသည်နှင့် အညီ တနင်္ဂနွေဂြိုဟ်နှင့်လည်း ဆက်စပ်နေသောကြောင့် တနင်္ဂနွေဂြိုဟ် မှာ ၁-ဂဏန်း၊ ယူရေးနတ်(စ်)ဂြိုဟ်မှာ ၄-ဂဏန်း ဖြစ်သည်။ ၁-ဂဏန်း သို့မဟုတ် ၄-ဂဏန်းသမားတို့သည် မိမိဘာသာ နေထိုင်တတ်သည်။ မိတ်မဖွဲ့တတ်။ နှမြောတွန့်တို တတ်သည်။ နေရာတကာစည်းကမ်းရှိသည်။ ရိုးသားစိတ်ရှိသည်။ တစ်ဘာသာ နေထိုင် တတ်သည်။ ဧည့်ဝတ်မကျေ။ သူ့ကို ကြည့်လျှင် နေရာတကာ ဆန့်ကျင်ဘက် ဖြစ်နေတတ်သည်။ စကားအပြော အဆို ပြေလည်ခြင်းမရှိ။ အခြားလူတို့နှင့်တစ်ဘက်တခြားနေတတ် သည်။ လူမုန်းများတတ်သည်။ အခွင့်ကောင်း နေရာကောင်း ရသော်လည်း မိမိအကျင့်ဆိုးကြောင့် ဆုံးရှုံးရတတ်သည်။ သတိ ထားပါ။ အဆင်ပြေအောင်နေပါ။ ထိုအကျင့်ဆိုး မပျောက် လျှင် အသက်ဆုံးသည်အထိ ဖြစ်နိုင်သည်။

**ငါးဂဏန်း**

ထိုဂဏန်းမှာ ဗုဒ္ဓဟူးဂြိုဟ် စိုးမိုးသော ဂဏန်းဖြစ်သည်။ ဖျတ်လတ်သည်။ ခရီးသွားလာ ရောင်းဝယ်ခြင်းကိုအလိုရှိသည်။ အပြောင်းအလဲမြန်သည်။ စကားအပြောအဆို ကောင်းသည်။

မိတ်ဖွဲ့တတ်သည်။ စိတ်မြန် ကိုယ်မြန် ရှိသည်။ ငွေရမြန်သော အလုပ်ကိုလုပ်ချင်သည်။ အကြံအစည်စိတ်ကူးဉာဏ် များသော ကြောင့် စိတ်ဝေဒနာ ခံစားရ တတ်သည်။ ဆင်းရဲသော်လည်း ကောင်း၊ ချမ်းသာသော် လည်းကောင်း၊ ကျယန်း နေထိုင်တတ် သည်။ နောက်ပြောင်သော စကားလုံးက်မခံ။ ဘာမဆို အကြိုက် လုပ်တတ်သည်။ လွတ်လပ်မှု လိုလားသည်။ လွတ်လပ်စွာ နေလို သည်။ လောင်းကစား ဝါသနာပါတတ်သည်။ ပျော်ပျော်နေ တတ်သည်။ မော်တော်ကားလုပ်ငန်း၊ မော်တော်ကား ပစ္စည်း ရောင်းဝယ်ခြင်းဖြင့် ချမ်းသာကြွယ်ဝမည်။

ခြောက်ဂဏန်း

ထိုဂဏန်းကို သောကြာဂြိုဟ် ကြီးစိုးသည်။ အဆင့်အတန်း မြင့်မြင့် နေချင်သည်။ စကား အပြောအဆို ကောင်းသည်။ ခေါင်းမာသည်။ တစ်ဘက်သားကို ဆွဲဆောင်နိုင်သော သတ္တိရှိ သည်။ ဝန်ခံခြင်း အလျှော့ပေးခြင်းမရှိ။ အပေါင်းအသင်းတို့ကို ညှိခံ ကျေးမွေးတတ်သည်။ ခေါ်သဖြစ်လာသော် တဖောက် ကန်း ပြုလုပ်တတ်သည်။

ရှနစ်ဂဏန်း

ဆိုဂဏန်းသည် နက်(စ်)ကျွန်းဂြိုဟ် စိုးမိုးသော ဂဏန်းဖြစ် သည်။ ခရီးထွက်ခြင်း၊ အပြောင်း၊ အရွှေ့ များခြင်း ရှိသည်။ နိုင်ငံရပ်ခြားနှင့်ဆက်သွယ်၍ အရောင်းအဝယ်ပြုလုပ်တတ်သည်။
4 နိုင်ငံခြားကုန်ပစ္စည်း ရောင်းဝယ်သော လုပ်ငန်းတွင်ရှိတတ်သည်။

နိုင်ငံခြားနှင့် ဆက်သွယ်သော ဌာနတွင် လုပ်ကိုင် ရတတ်သည်။ နိုင်ငံခြား သွားရတတ်သည်။ ရဟန်းနှင့် ရောင့်ရဲ နေတတ်သည်။ လောဘမကြီးတတ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သော် ထိုလုပ်ငန်းနှင့် ချမ်းသာမည်။ ထူးထွန်း သိမြင်သော ပညာရှင် တစ်ယောက် ဖြစ်တတ်သည်။

**ရှစ်ဂဏန်း**

ထိုဂဏန်းသည် စနေဂြိုဟ်စိုးမိုးသော ဂဏန်းဖြစ်သည်။အစွဲ အလမ်း ကြီးတတ်သည်။ လေးလေး နက်နက် လုပ်ကိုင်တတ် သည်။ ရန်များတတ်သည်။အေးတိအေးစက် နေထိုင်တတ်သည်။ မိမိ အဖြစ်ကို အခြားသူများ မသိအောင် မျိုသိပ် ထားတတ် သည်။ အကြီးအကျယ်အောင်မြင်တတ်သည်။ သို့မဟုတ် အကြီး အကျယ် ဆုံးရှုံးတတ်သည်။ ကြီးကျယ်မြင့်မြတ်သော ရာထူးကြီး များရတတ်သည်။ အရှည်မမြဲတတ်။ ဘာသာရေးတွင်လည်း ထစ်ဖက်စွန်းကျတတ်သည်။ ဘယ်သူက ဘာပြောပြောဆက်လုပ် တတ်သည်။ အခြားသူများ အထင်လွဲခြင်း ခံရတတ်သည်။ ထိုဂဏန်းမှာ အကြီးအကျယ် ဝမ်းနည်းကြေကွဲရခြင်း၊ ဆုံးရှုံး နစ်နာခြင်း၊ အသရေ ပျက်ခြင်း၊ ကဲ့ရဲ့ရှုတ်ချ ခံရခြင်း စသော အဖြစ်မျိုးနှင့် ကြုံတွေ့ရတတ်သည်။

**ကိုးဂဏန်း**

ထိုဂဏန်းသည် အင်္ဂါဂြိုဟ် စိုးမိုးသော ဂဏန်းဖြစ်သည်။ ဒေါသကြီးတတ်သည်။ စိတ်ဆိုးတတ်သည်။ ကိုယ်ထူးကိုယ်ချွန်

လုပ်ကိုင်ရတတ်သည်။ ဘဝခရီးတွင် ခက်ခဲလာခဲ့ရခြင်း၊ ပြတ်တစ်လှည့် ပေါ်တစ်လှည့် ဖြစ်လာခဲ့ရခြင်း ရှိတတ်သည်။ ဇွဲလုံ့လ ရှိသည်။ အထက်တန်း ရောက်လိုသောစိတ် ရှိသည်။ စိတ်မြန်လက်မြန် ရှိမည်။ ရှေ့ လောကြီးမည်။ ရဲစိတ် ရဲမာန် ရှိသည်။ ကိုယ့်ကိုယ်ကိုအားကိုးသည်။ ကိုယ့်ကိုယ်ကို အထင်ကြီးသည်။ အလုပ်ကို အဆုံးတိုင် လုပ်ကိုင်တတ်သည်။ အပြိုင်အဆိုင်ရန်မျိုးစုံ တွေ့တတ်သည်။ နောက်ဆုံးအောင်မြင်မည်။

ဂဏန်းဗေဒင် ဟောကိန်းပြီးပြီ။

….★…

# ဗေဒင်အကျဉ်း မဟာဘုတ်

မိမိမွေးရာတွင် မည်သည့်ဂိုဏ်မှာ ဖွားသည်ကို တွက်ရန်မှာ မိမိမွေးဖွားသော သက္ကရာဇ်ကိုသည် ၇-ခုနှင့်စား။ အကြွင်းကို ဘင်္ဂအိမ်ကစပြီးရေးသွား။ ဥပမာ ၁၃၁၃-ခုနှစ်ဖွားကို ၇-ခုနှင့် စားကြည့်သောအခါ ၄-ခုကြွင်းသည်။ ၎င်းအကြွင်းကို လက်ဝဲ အတိုင်း ဂဏန်းကောက်ပြီး ဘင်္ဂအိမ်က စပြီး ရေးသွားရသည်။ မဟာဘုတ် လက်ဝဲမှာ အောသ်၊ လံ၊ ထူ၊ စမ်၊ သူ၊ ကြီး၊ ပွဲ။ ဖြစ်သည်။ ၄-ခု ကြွင်းသောကြောင့် လံ၊ ထူ၊ စမ်၊ သူ၊ ကြီး၊ ပွဲ၊ အောသ်။ ဆိုပြီး ဘင်္ဂအိမ်က စပြီး ချသွားရသည်။အောက်ပုံ ကို ကြည့်ပါ။

| | | |
|---|---|---|
| | ဓိပတိ | |
| ထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

အခြားသော မွေးသက္ကရာဇ် များကိုလည်း ဂုဏ်းတွက်နည်း အတိုင်း တွက် သွား လျှင် သိနိုင်ပါသည်။ ဘာနေ့သားလဲ။ တနင်္ဂနွေသား ဆိုလျှင် အဓိပတိဖွား၊ တနင်္လာသား ဆိုလျှင် ရာဇဖွား၊ အင်္ဂါသားဆိုလျှင် အထွန်းဖွား၊ ဗုဒ္ဓဟူးသားဆိုလျှင် ဘင်္ဂဖွား၊ ကြာသပတေးသား ဆိုလျှင် ပုတိဖွား၊ သောကြာ သားဆိုလျှင် သိုက်ဖွား၊ စနေသားဆိုလျှင် မရဏဖွားဖြစ်သည်။

**ပုတိဖွား**

အပုပ်ဆိုပုတိ၊ တုမရှိတွန့်တို၊ နှမြောလှ သဘောတိုတယ်၊ ပြောမဆိုစကား၊ အပက အရချူမယ်၊ ထိုသသူ ဖုံးအုပ်လို့ထား၊ ကျော်လျှင်ဖြင့် တံခွန်ထူတယ်၊ ဇမ္ဗူတွင်ထွန်းတဲ့ ယောကျ်ား။

**ဘင်္ဂဖွား**

ဖွားဘင်္ဂတွေ့ကြုံ၊ မမွေ့လုံစိတ်များ၊ ဈာပါလို့ဆူကာ ပွားသော်လည်း၊ မြူတစ်ပါးခက်တယ်၊ သဘောတော်တည်မကျ နိုင်ဘု၊ သောက၊ က မောက်လို့ သာကြွယ်၊ ကိန်းအကျသည် တကယ်၊ မကြည်ဖွယ် စိတ်များပါဘိလေး။

**မရဏဖွား**

မရဏ ဆိုတာသွယ်၊ ပျို့အရွယ် ငယ်တုန်းက၊ ဆုံးတတ်လှ သက်ခန္ဓာ၊ ဟောပမြွန်းစွာ၊ မသေကြွင်းလို့၊ ကွေ့ကွင်းပါရင်၊ လူ့မင်းရာဇာ ဖြစ်ပါလိမ့်လေး။

**အထွန်းဖွား**

အထွန်းဆို ထက်ဖျားက၊ ကပ်သုံးပါးလွတ်ဖွယ်၊ ရန်ငါးသင်းကင်းကွယ်တယ်၊တင့်တယ်ပဇာနိခိုး။အပေါ်င်းတက အကျိုးမျှော်တယ်၊ အလောင်းတော် နှင်းအုပ်လို့စိုး။

**သိုက်ဖွား**

သာသနာ့သိုက်ပုံ၊ ထိုက်ကြုံလျှင် တစ်မျိုး၊ ဝတ်ကြောင်ကိုလွတ်အောင် လျှိုးပါလို့၊ နောင်ကောင်းကျိုးကြံရွယ်၊ အကျိုးပေးက သေသော ကြွယ်တယ်၊ အဟောတကာယ မှန်လွန်းပါလှလေး။

**ရာဇဖွား**

ကြိုဟ်ရာဇ အကောင်း၊ အစေခံ့တိုက်၊ နွားနှင့်ကျွန်၊ စပါးပေါ်တယ်၊သောင်းကုဋေ ဓါဝိုးငွေစ၊ တွေနှင့်၊အကောင်းတွေကထပ်လို့သာကြွယ်၊ မင်းအမတ် သေဌေးပုံနှယ်၊ လူ့ဘုံဝယ် ထင်ရှားပါလိမ့်လေး။

**အဓိပတိဖွား**

အဓိပတိ ဝေဗျာခ၊ တေဇာက ထိန်းတယ်၊ လက်ယာကျွန်းဒီနယ်မှာ၊ ဗျူကွယ် ဘက်ရှား။ တိုဝ် မိပတိ ကြိုဝ်သိကျော်၊ ပြိုင်ရှိသူ ကင်းမဲ့လူစား။

**သက်ရောက်**

မိမိအသက်ကိုတည် ၈ ခုနှင့်စား။ အကြွင်းအတိုင်း မိမိမွေးနံမြင်ရာက တစ်ကွက် နှစ်ကွက် ရေသွား။ ရောက်ရာ ကြိုဟ်သည်သက်ရောက်ပြိုဟ်ဖြစ်သည်။

## ဂြိုဟ်နေပုံ

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၈ | | ၄ |
| ၇ | ၆ | ၅ |

## အသက်တွက်ပုံ

| | |
|---|---|
| ကောဇာသက္ကရာဇ် | ၁၃၄၀ |
| မွေးသက္ကရာဇ် | ၁၃၁၀ |
| | ၃၀ |

၁၃၁၀ — ခုနှစ်တွင် မွေးဖွားသောသူ တစ်ဦးကို အသက် တွက်ကြည့်သော အခါ အသက် (၃၀) ရှိကြောင်း သိရသည်။ အသက်(၃၀)ကို ၈ - ခုနှင့်စားသောအခါ ၆-ခု ကြွင်းသည်။ ဗုဒ္ဓဟူးသားဆိုသော် ဗုဒ္ဓဟူးဂြိုဟ်အိမ်က လက်ယာရစ်ရေသော အခါ တနင်္ဂနွေအိမ်သို့ ရောက်သောကြောင့် တနင်္ဂနွေဂြိုဟ် သက်ရောက် ပေါ်သည်။

## တနင်္ဂနွေသက်ရောက်

ဥက္ကာ့ ဖလ်ပြာသာဒ်၊ဂြိုဟ်မြတ်တဲ့သက်ဆိုး၊ စာပေါင်းသိုက် ရိပ်မြုံကို၊ မြောက်သူပုန်မေ့နေ့သောက်၊ မကောင်းပ ကြမ္မာဖန်၊ မတော်မှန် သည်ကိန်းသို့ရောက်၊ တန်ခူးနှင့် ကဆုန်၊ နှင်းငွေမှုန် မြူသောက်၊ လပြာသို အချိန်ရောက်ဇာင်မှ၊ အမ္ဗပေါက်မေ့ရှာ၊ သား, မြေး, ဆွေ ကျွန်တစ်သင်းငယ်ကြောင့်၊ မှုအခင်းဖြစ်တတ်လှပါ။ သူခိုးနှင့် မီးဆိုတာမှာ၊ သတိသာ ဆောင်ဖြားလို့၊ ရှေ့နောက်ပါး၊ မြောက်တောင်စွယ်၊ ရှောင်ရှားပကွယ်၊ ချစ်သူနှင့် စပ်သွယ်လျှင် ခင်ပျိုမယ် မိန်းမနှင့်လေး။

## တနင်္လာ သက်ရောက်

သီတဂူငွေပွင့်၊ စန်းယုန်မင့် ဇီမာန်၊ သက်ရောက်လို့ ဝင်ပြန်လျှင်၊ ဟောဆိုရန်တာဝ၊ မောင်ကောက်ရ သေငွေးကျော်၊ သင့်တော်လျော်၊ သည်ကိန်းသို့ကျ၊ မေ့နှစ်ကာယ ဥစ္စာ၊ လိုရာရာကိစ္စ၊ ရှေ့နောက်ယံ ဒေသက၊ ရတော့မည့်မှန်စွာ၊ ခါကဆုန် ဝါခေါင်တိုး၊ တန်ဆောင်မုန်း ရောက်လာတဲ့ ခါ၊ ကြက်မင်းနှင့် တနင်္လာ၊ ချမ်းသာရာ ခိုကပ်လို့၊ဂြိုဟ်ရပ်ကာပြုစင်၊ ရငြားလိမ့်ထင်၊ ဟောလိုက်တဲ့ ဇာတာရှင်ကို နတ်မေဒဝ် ဆိုလောက်ကဲ့လေး။

## အင်္ဂါသက်ရောက်

ကောသရာရန်ရွေ့၊ နံ့ဖြသေ့ ရောက်လာ၊ ခေါင်းဆယ်လုံး က ကြမ္မာငယ်၊ မင်းသီတာရပ်နဲ့၊ သူ့အတွက်ကြောင့် ချွာကုန်

ဆည်၊ သည်ထုံးပုံ ကိန်းရောက်ပြန်ခဲ့၊ ကဆုန်နှင့် ဝါခေါင်မှာ၊ ပြာသိုနောင်တစ်လှည့်၊ မိန်ရာသီ မကုန်တဲ့ခင်က၊ ကြောက်မက်ဖွယ် လမ်းတာ၊ ရှောင်တိမ်းပါ မိန်းမအခင်း၊ ယှိမ်းယှင်းဖြစ်မြဲ မကြာ၊ ရွှေတောင်တောင့် ရပ်ဆီမှာ၊ အသားနီ လူတစ်ယောက်ကယ်ကြောင့်၊ စိတ်နောက်လို့ ပူဗျာပါ၊ ငြိုးရန်‚စရှာ၊ ချစ်သူနှင့် ကွေကွင်းကွာသည်၊ ချစ်ဒုက်ရ ထိမည်ပလေး။

ဗုဒ္ဓဟူးသက်ရောက်

မျိုးမာတင်မုန်ဦး၊ ဗုဒ္ဓဟူးဂြိုဟ်တွင်၊ လောင်းဆာခွန် ပြောင်ဆင်ကို၊ ငြိုးမာန်ဝင်စိတ်ငယ်း သောနင့်ကို၏ မြားဒဏ်ငယ်၊ စူးမှန်ရာ သည်ကိန်းနှင့်ငြား၊ တပို့တွဲခေါ်ဆို၊ လပြာသိုတခြား၊ မနာလို ရန်ပွားလို့၊ စကားက ဖြစ်တတ်၊ ဝမ်းရောဂါအနာရပ် စွဲကပ်လိမ့် ငါဆရာထင်၊ ခြေနှစ်ချောင်းရုတ်ကြီးဝင်၊ တောင်ရပ်ခွင် ဒေသက၊ လာဘ်လာဘ ဥဒဟို၊ ရမြဲပကို၊ နတ်မျက်စိ နှိုင်းဆိုသည်၊ တက္ကသိုလ်ဉာဏ်ကြီးမို့ လေး။

စနေသက်ရောက်

မျက်စောင်းရှိန် ထိန်လျှပ်၊ မျိုးရေနတ် ရောက်ခါ၊ ဇနကွ လောင်းရာဇာ၊ လေ့နာဝ မျက်ပြွန်း၊ သည်ကိန်းချကြုံပြန်လျှင်၊

မှုတန်တန့်ပွားနေကြတုန်း၊ အရောင်းနှင့်အဝယ်မှာ၊ ကြောက်မက်ဖွယ် ရှောင်အုံး၊ မီး ခိုး သူ ဖျက်မြုန်းလို့၊ ဆုံးတတ်လှ အနေ၊ လ့ကဆုန် ဝါခေါင်တွင်း၊ မိန်းမခင်းဖြစ်မှုမသေ့၊ သူ့ အရပ်ဂြိုဟ်နေကို၊ ရှောင်ခွာသွေယာယီပျက်တယ်ကြောင့်၊ ခြေလက် အနာတစ်သွယ်၊ ပေးတတ်လှတယ်၊ ဂြိုဟ်ပါပအမှုကျယ်ငယ်၊ အန္တရာယ်များနိုင်မျှလေး။

## ကြာသပတေးသက်ရောက်

ဆယ်ရပ်ခွင် ရောင်ခြည်စုံ၊ ဂြိုဟ်ဂုရုရောက်သော်၊ မင်းကုသအလောင်းတော်၊ ဆွေကြင်ဖော် ယဉ်နှံ့ မယ်ပဘာဝတီကို၊ ရှန်ပြန်သည်ကိန်းသို့ ကြုံဆဲ၊ တပေါင်းတဲ့ရက်ကြေး ကဆုန်နွေရောက်မြဲ၊ နွေမကြာပြတ်မစဲ၊ လဘ်ခပဲဥဿုံ၊ လှကညာ အပျိုပေါက်၊ နောက်ရပ်က တွင်းစုတ်နှင့်ကြုံ၊ စနေထောင့် ရပ်ဘုံကို၊ အချစ်ယုံမဝလွန်းနှင့်၊ နှုတ်ခွန်းမျှမသာကြည်၊ မိန်းမပျက်မည်၊ သတိကိုဆောက်တည်သည်၊ စိတ်ကြံစည် မှိုင်းစေနှင့်လေး။

## ရာဟုသက်ရောက်

ဟိုင်း ဆင် ပြောင် မုန် သောက်၊ သက်ရောက်သော အခါ၊ သေနင်္ဂသူရာကို၊ နတ်ဂုန္ဓာလျှင်ဖျက်၊ ဤကိန်းနှင့် ကြုံပြန်လာ၊ ကွာဇည်းစိမ် ဆုံးတတ် အသက်၊ ကံပိန်လှ သည်အခါ၊ ပျောက်ဥစ္စာစင်ထွက်၊ ရပ်ဌာနီ ဂြိုဟ်အကွက်က၊ မာန်အမျက်ထွေးအုံ၊ ကြီးမြတ်သူ သင်္ဂဟ၊ မိန်းမက ငြိုးစစ်နှင့် ကြုံ၊ အကြောင်းမဲ့ဖြစ်ပုံကို၊ ရာသီကုန်ချိန်လှမှ၊ တရားမှချစ်ဆွေလင်၊ ကွာကိန်းက

မြင်၊ လာဘ်ရတတ် ရောက်မဝင်သည်၊ ဉာဏ်ဆင်ခြင် ဟောလေ ကွယ့်လေး။

## သောကြာသက်ရောက်

မှန်းမြှူငိုလွန်သဝ်း၊ ကြိုဟ်ဝူးမင်း ငှာနီ၊ ယော်ဓွေးလျှကြန်ညီ သက်ဆယ်လီပျော်ပိုက်၊ သုခန္ဓ ဘုန်းလိုင်မှာ၊ ကြင်သူပြိုင် သည့် ကိန်းနှင့်ဆိုက်၊ ကွမ်းခွက်နှင့်ထီးစည်၊ ဘွဲ့အမည်သမိုက်၊ မိန်ရာသီ အခါကြုံကိုက်တွင်မှ၊ သိုက်မြှိုက်သည့်ကညာ၊ မြောက်ဒီသာရပ်ခြား က၊ လာဘ်ရည်းစား ရတော့မည်သာ၊ ဆန်စပါး ရတနာမှာ၊ အခါခါရမြဲပ၊ မှန်မလွဲကောန်သာ၊ ဟောသင့်လှပါ၊ ရဟန်းမြတ် ဖြစ်လာလျှင်၊ ရရန်သာ ရွှေကျောင်းပလေး။

## ဂြိုဟ်စားတွက်ပုံ

အသက် ၄၅ နှစ်ရှိကြသပတေးသားဆိုသော်မိမိမွေးနံဂြိုဟ် သက်ကစပြီးဂြိုဟ်သက်အစဉ်အတိုင်းဂြိုဟ်သက်နုတ်၊မနုတ်နိုင်ရာ ဂြိုဟ်တွင်ဂြိုဟ်စားသည်။ အသက် ၄၅ နှစ်ရှိကြသပတေးသား ကို တွက်ကြည့်သောအခါ ၄. နှစ်ကြွင်းသည်။ သောကြာဂြိုဟ် သက် မနုတ်နိုင်သောကြောင့် သောကြာဂြိုဟ်စားကြောင်း သိရ သည်။ ရှင်းနည်းအတိုင်း ထွက်သွားသော် သိနိုင်ပြီဖြစ်သည်။

## တနင်္ဂနွေဂြိုဟ်စား

သူရကန်ဖလ်ဂယက် မှန်မပျက် စားလျှင်၊ ရုန်ခနက် ပွားမြင်၊ အများပင်ခနေ၊ ရွှေကျလို့ ငွေကကုန်၊ နေရပ်ပုံ ချောင်းမရ၊ ပူဒုက္ခ၊

ရောဂါတွယ်၊ ဟောရာဝယ်တစ်ဝ၊ ကျွန်ပုလောဝ်ဒေါသကြောင့်
ဗျာယနှင့် တွေ့ဟန်၊ နေအိမ်ရာ ညှိုးပြောင်လစ်၊ မီးလောင်စစ်
ကိန်းရောက်ခဲ့ပြန်၊ အရှေ့ပြောက်သေန်ကို၊ မနေမှန်ရှောဝ်ရှားမှု၊
နောင်များ ခိုးသူတွေ၊ ငြိမ်းမယ်ပလေး၊ ကျမ်းအတွက် ပုံအခြေ၊
ကုန်မသွေ မှန်ထုံးကွယ့်လေး။

## တနင်္လာဂြိုဟ်စား

ဆန်းနကို ကျမ်းဆိုပြ၊ စန်းဂြိုဟ်မြစားရာ၊ ရွှေ့ငွေ့ထည်
ပုဝါ၊ ကြည်အသာမစဲ၊ ရေ့ရပ်က ဝင်စစ်မြင်၊ ကြွစ်ချစ်ခင် ပေါ်
လိမ်မလွဲ၊ ဥပဒ်နှင့်အန္တရာယ်၊ ရန်မအွယ် လွှတ်ရှဲ၊ မှန်တကယ်
ချွတ်မလွဲသာ၊ ကျွန်ခပ်ခြွေရံ၊ လာဘ်လာဘ ဆိုသမျှ၊ လိုသမျှ
များလိမ့်ကောန်၊ ညိုအလှကေဆံဝယ်၊ ဆင်ပန်ရန် ခမျာ ရမယ်
လို့၊ ဆရာက သည်ကိန်းဝင်၊ ဟောချည့် ထင်ထင်၊ ဇောပီတိ
မနောရွှင်အောင်၊ သဓောာတွင် မှတ်စမ်းတော့လေး။

## အင်္ဂါဂြိုဟ်စား

ကောသရာဂြိုဟ်ကျ၊ ခိုခကာစားမှု၊ ချိမလှဲ့ အများပူ၊ တစ်ပါး
သူလွှန်မုန်း၊ ချစ်သူမှ သွေဖောက် ရှောဝ်တယ်၊ သောလောက်
အောဝ် ဆွေးလိမ့်နှလုံး၊ ချည်နှောစ်ဖွဲ့အမှုမြင်၊ ယခုပင် ရှောင်
အုံး၊ မျိုးအဆွေ စုရုံးလို့၊ ပြုကုန်းတိုက် ရန်ရှာ၊ ဓကိုဏာ ထို
အရပ်ကိုမြင့်၊ ခိုမကပ်ကွင်းတော့ မြန်စွာ၊ မပွင့်တဲ့ မျက်နှာငယ်။
ခက်ဗျာပါခ်စားလို့၊ လုံ့ခေးထိ ဘေးကိုမြင်၊ ဆိုးတဲ့ကိန်းဝင်၊
နတ်စကွဲ့ပမ;တစ်၊ ဆရာပင် ဟောလိုက်ကဲ့လေး။

## ဗုဒ္ဓဟူးဂြိုဟ်စား

ငွေဆဒ္ဒန်ဂြိုဟ်ပါး၊ ခိုစားတဲ့ အခါ၊ ပျိုထွားနဲ့ ကညာကို၊ မကြာပ ချက်ချင်း၊ ဒုချကြီး စုတ်ကောင်း ဝင်မယ်၊ ဟုတ်ကြောင်းပင် ဟောတော့မယ့်ဝိ၊ ထည် အလိပ် ဖြူဖွေးစွာ၊ သူပေးလာ မယှင်း၊ ပူဆွေးတာ အရှင်းပ၊ သတင်းကောင်းကျော်မယ်၊ လာဘ်ပါဝေ ခြေစတု၊ မသွေ ခုဖြိုးမောက်လို့ ကြွယ်၊ မြန်မြေထု မိုးအောက်နယ်မှာ၊ စိုးကြောက်ဖွယ် ဘာမရှိပြီဘု၊ ငါကံဝီ ကိန်းအလာ၊ ဟောတော့တစ်ခါ၊ စောင်းမင့်မြတ်ဇာတာမှာ၊ နတ်သမာ စောင့်တုန်းမို့လေး။

## စနေဂြိုဟ်စား

ရေနာဂိန္ဂြိုဟ်ရောက်၊ ဆိုကြောက်ပွဲအခါ၊ ခိုပေါက်လှည့် ဒသာ၊ ဘုတ်ပြိတ္တာ၊ နတ်စုံး၊ နောက်ရုပ်ကကံဆိုးငင်၊ ရန်ငြိုးပင် ပွဲကြီးတွေဦး၊ ပူဒုက္ခ ကိုးကုဋေ၊ မျိုးအဆွေ စုရုံး၊ ကြိုးမဟော ရစ်ထုံးသို့၊ နှလုံး ခုမကြည်၊ သတ်ခိုက်ရန် တကယ်များချည်ငဲ့၊ နယ်တခြား ပြေးထွက် ညင့်သည်၊ အေးဖက်နှင့် ခွင့်မလည်၊ မြင့်မရှည် ဘယာတွေ့မယ်လို့၊ ဇာတာဓလ့အဘိဉာဏ်၊ ဟောချက်ကမှန်၊ သဘောခက် ပရိကံ၊ သတိဉာဏ် စွဲပေတော့လေး။

## ကြာသပတေးဂြိုဟ်စား

ဂြိုဟ်ရာဇာဇီဝ၊ တညီကျစားမှု၊ ဝသီလှစကားထူ၊ တစ်ပါ၊ သူစံကာင်း။ စိုးမင်းမြတ် ပူဇော်မြင်တယ်။ သူတော်စင် ကောင်းတဲ့ သတင်း။ လယ်ယာချောင်း မြို့ကျေးရွာ၊ ပို့ပေးလာမယှင်း။

ဝတ်ဖြူစွာ ခပင်းနှင့်၊ ဆင်မြင်းခု နွားမှန်၊ ပစ္စိဖမ အနောက် မျှားဝယ်က၊ မျှောက်မမှား ရမည်ကောန်၊ သည်ကိန်းနှင့် ကြုံပြန်လျှင်၊ ငုံညှာတံလေခူးတဲ့၊ ရွှေပွင့်ဖူးပန်းစပယ်လို၊ လန်းမယ်တဲ့ကိုယ်၊ ကျမ်းကျယ်ခဲ့ ဆရာဆိုမယ်၊ ကဗျာချီ ရွှမ်းလှဲ့လေး။

ရာဟုဂြိုဟ်စား

ဆိုင်းမကြာ တိုင်းရာဟု၊ နှိုင်းစာမှုအမှန်၊ ခိုမှားလို့ ဂြိုဟ်စားပြန်လျှင်၊ ကိုယ်ယားယံမလွဲ၊ သက်ဆုံးခွင့်ကြုံပေလာ၊ စိုးနွယ်ဖျာကိုးတော့အမြဲ၊ ရွှေအဆက် ငွေထက်ပြောင် ပွေ့ရက်တောင်မြူခွဲ၊ နေခက်အောင်ပူစွဲလို့၊ တစ်ခုထဲလေနှာ၊ ဂြိုဟ်ရပ်ခွင်မရှောင်ရှားလျှင်၊ နေ့ဝစ်မမှားတွေ့လိမ့်ပြန်စွာ၊ ခေါ်ထားတဲ့ ကိန်းအလှာ၊ ကိန်းစရာဘယ်မရှိပြောဘု၊ ယာယံပရိကျမ်းအလို၊ ဟောလိုက်သကို၊ သဘောကြိုက် ပေကြားဘိုမယ်၊ ရွှေနားချီ ဆားဦးကွယ့်လေး။

သောကြာဂြိုဟ်စား

ရောက်မကြာ မြောက်ညာဆို့၊ သောကြာသို့စားမူ၊ ထောက်စာလို့ သနားကူ၊ တစ်ဖါးသူ ချစ်ကိန်း၊ ကျွန်, ငွေနှင့် မြင်း, နွား, ဆင်,၊ သွင်းငြား ဝင်ပေါ်လိမ့် မတိမ်း၊ မြောက်ရပ်က ဝတ်ဖြူစွာ၊ ညှာလှူပါမယိမ်း၊ မင်းပူဇော်ခံကြိန်းမို့၊ သိမ်းဓပ တော့မသွေ၊ ပုဏ္ဏားတော် ဆရာများငယ်က၊ လာမမှားပေးလိမ့်မလေ၊ ဆုလှာဘ်သပ်မိုးမွေ၊ တိုးသရေ ရောင်တင့်လို့၊ ခေါင်မြင့်တဲ့သည်ခေါ်၊ အားရန်နှင့်ကွာ၊ အေးရန်ခွင့် ကြုံပြန်လာတယ်၊ ယုန်စန္ဒာငွေနန်းသို့လေး။ ။

ဇေဒင် ဟောကိန်းများ ပြီးပြီ။

အောက်ပါကျမ်းများကို မှီငြမ်းပြုသည်

PALMISTIC DICTIONARY
BY SAINT GERMAIN

ကိုင်ရှိ လက္ခဏာဗေဒ (ဆရာစံမင်း)

ကိုဝ်ရှိ ဂဏန်းဗေဒင် (ဆရာစောစံ)

သာမုဒြိကာကျမ်းလာ လက္ခဏာဗေဒ

ဦးမုနိန္ဒအရှင်မြတ်ရေး လောကီမှတ်စု

ဦးပုညဗေဒင်ဗေဒ တေးထပ်အဖြေ(ဆရာဦးသက္က)